# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၆၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Mongkol Visitstump သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး

*စာမျက်နှာ ၃ ကော်လံ ၁* ❁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Mongkol Visitstump က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

**ယနေ့ မာတိကာ**


နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ ပြည်တွင်းသတင်း | စာ - ၁၁

နိုင်ငံတကာခရီးသွားများထံမှ အမေရိကန်ဒေါ်လာ သန်း ၆၅၀ နယူးဇီလန်နိုင်ငံ ရရှိ နိုင်ငံတကာသတင်း | စာ - ၁၃

# စည်းလုံးညီညွတ်စွာဆောင်ရွက် အဂတိလိုက်စားမှုတိုက်ဖျက်

အဂတိလိုက်စားမှုသည် အကျင့်ပျက်မှု၊ မရိုးဖြောင့်မှု၊ လိမ်လည်လှည့်ဖြားမှုတို့ ပါဝင်သည့် ရာဇဝတ်မှု/ပြစ်မှုပင် ဖြစ်သည်။ အဂတိလိုက်စားမှုသည် ကမ္ဘာနှင့်အဝန်း ကြုံတွေ့နေရသည့် ပြဿနာဖြစ်သော်လည်း ယင်း၏အနက်အဓိပ္ပာယ်ကိုမူ ကမ္ဘာ့နိုင်ငံများအကြား တညီတညွတ်တည်း ဖွင့်ဆိုရန် ခက်ခဲနေပြီး သီးခြားပြုမူမှုများကိုသာ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ခဲ့သည်။

ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) က အဂတိလိုက်စားမှုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည့် ကျူးလွန်မှုများတွင် အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများတွင် လာဘ်ပေးလာဘ်ယူခြင်း၊ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများတွင် အလွဲသုံးစားပြုခြင်း၊ ဩဇာအာဏာသုံး၍ မလျော်ဆောင်ရွက်ခြင်း၊ တာဝန်ကို အလွဲသုံးစားပြုလုပ်ခြင်း၊ တရားမဝင်ကြွယ်ဝချမ်းသာလာခြင်း၊ ဖော်ပြပါပြစ်မှုများနှင့် ဆက်နွယ်သည့် ဖုံးကွယ်ခြင်းနှင့် တရားစီရင်ခြင်းကို နှောင့်ယှက်ဟန့်တားခြင်းတို့ ပါဝင်သည်။ အဂတိလိုက်စားမှုတွင် ရာထူးအဆင့်နိမ့်ဝန်ထမ်းက လာဘ်ယူသည့် အသေးစားအဂတိလိုက်စားမှုမှသည် အဆင့်မြင့်ဝန်ထမ်းများနှင့် နိုင်ငံရေးရာထူးလက်ဝယ်ရှိသူများက ကျူးလွန်လေ့ရှိသည့် အကြီးစားအဂတိလိုက်စားမှု၊ နိုင်ငံအဆင့် အဂတိလိုက်စားမှုများအထိ ရှိနေသည်။

အဂတိလိုက်စားမှု၏ နိုင်ငံနှင့် လူ့အဖွဲ့အစည်းပေါ် ဆိုးကျိုးသက်ရောက်ဖြစ်ပေါ်မှုအတိုင်းအတာသည် မိမိတို့ထင်မြင်ယူဆသည်ထက် ပို၍ကြီးမားကျယ်ပြန့်သည်ကို တွေ့ရသည်။ အဂတိလိုက်စားမှုများက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်ကို ပျက်စီးစေပြီး လွဲချော်၍ လမ်းမှားသို့ ရောက်သွားစေနိုင်သည်။ ကမ္ဘာပေါ်တွင် လာဘ်ပေးလာဘ်ယူမှုကြောင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံမှ နှစ်ထရီလီယံခန့် ဆုံးရှုံးနေပြီး အရည်အသွေးညံ့ဖျင်းသော စီးပွားရေးကို ဖြစ်ပေါ်စေသည်။ အဂတိလိုက်စားသည့် အရာရှိဆိုးများကြောင့် နိုင်ငံ၏ အခွန်ဘဏ္ဍာများကို ဆုံးရှုံးစေသည့်အတွက် ပြည်သူများအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို ထိခိုက်နစ်နာစေကာ မညီမျှမှုများဖြစ်ပေါ်စေသည်။ အဂတိလိုက်စားမှုကြောင့် ပုဂ္ဂိုလ်ရေးထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်စေနိုင်ပြီး တရားဥပဒေစိုးမိုးမှုကို နှောင့်နှေးစေသည်။ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးကို ကျဆင်းစေပြီး လုပ်ငန်းခွင်၌ အကျင့်စာရိတ္တပျက်စီးစေသည်။ နိုင်ငံ၏ နိုင်ငံရေးစနစ်နှင့် စီးပွားရေးစနစ်တို့ကို ထိခိုက်စေပြီး ရာဇဝတ်မှုများ၏ အရေအတွက်နှင့် အဆင့်တို့ကို မြင့်တက်လာစေကာ နိုင်ငံရေးဩဇာ ကျဆင်းလာသည်နှင့်အမျှ သဘောထားကွဲလွဲမှုနှင့် မတည်မငြိမ်မှုများဆီသို့ ဦးတည်သွားစေနိုင်သည်။

စင်စစ်အားဖြင့် အဂတိလိုက်စားမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် မကောင်းကျိုးသက်ရောက်မှုများမှာ ရေး၍မကုန်နိုင်လောက်အောင် များပြားလှသည်ဟု ဆိုရမည်ဖြစ်သည်။ အနှစ်ချုပ်အားဖြင့်ဆိုရလျှင်မူ အဂတိလိုက်စားမှုများက နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဖျက်ဆီးနေသည့် ဗိုင်းရပ်စ်များသဖွယ်ပင်ဖြစ်ရာ မဖြစ်မနေတိုက်ဖျက်ရမည်ဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် အစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက ခိုင်မာစွဲမြဲသည့် သန္နိဋ္ဌာန်၊ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အောင်မြင်မှုရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား

“ အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့
UNCAC AT 20 : UNITING THE WORLD AGAINST CORRUPTION”

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ မဟာဇနကကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ေးသာသနာ့ ရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆန်တန်းကျောင်းသစ်ကျောင်းတိုက်နှင့် မဟာမြိုင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ဆင်တဲကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ပေါင်းလဲကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗောဓိသုခကျောင်းတိုက်၊ ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်ရှိ မြရတနာကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပွင့်ဖြူမြို့နယ်၌ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်

ပွင့်ဖြူ ဒီဇင်ဘာ ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် အခြေခံအိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ – ၆၆/၆) နှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က အရှိန်အဟုန်မြှင့်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၊ မြို့နယ်ကော်မရှင်အဖွဲ့၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပြီး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် နေထိုင်သည့် အခြေခံအိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ – ၆၆/၆) နှင့် မြေပြင်တွင် အမှန်တကယ်နေထိုင်မှု ရှိ မရှိ တိုက်ဆိုင်စစ်ဆေးခြင်း ၊ အိမ်ထောင်လူဦးရေစာရင်းတွင် သေဆုံးစာရင်းများ ပယ်ဖျက်ခြင်း ၊ လူပုဂ္ဂိုလ်အမည်စာရင်းထပ်နေမှုများနှင့် မွေးဖွားသည့် ရက်/လ ထပ်နေသူများစာရင်း စိစစ်ခြင်း၊ မွေးသက္ကရာဇ်မပါသူများ/ မပြည့်စုံသူများ စိစစ်ခြင်း၊ နိုင်ငံသားကတ်ထပ်နေသူများအား စိစစ်ခြင်း၊ အသက် ၁၈ နှစ်အထက်နှင့် ၁၈ နှစ်အောက် နိုင်ငံသားကတ်မရှိသူများအား စိစစ်ခြင်းတို့ကို ဆောင်ရွက်နေခြင်း ဖြစ်သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့် မဆုံးရှုံးစေရန်အတွက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရန် ယခုကဲ့သို့ ကွင်းဆင်းစစ်ဆေးခြင်းကို သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လဝကဦးစီးမှူး ဦးညွန့်ဝင်းထူးထံမှ သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## ပဲခူးမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲကျင်းပမည်

ပဲခူး ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၀ ရက်တွင် ပဲခူးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို နံနက် ၄ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲဝင်များသည် ပဲခူးမြို့အဝင် တိုးဂိတ်နှင့် အမျိုးသမီးများသည် ပဲခူးမြို့အဝင် ဘုရင့်နောင်မင်းတရားကြီး ရုပ်တုရင်ပြင်အနီးမှ စတင်တာထွက်ကြမည်ဖြစ်ပြီး တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနရုံးရှေ့၌ ပန်းဝင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမဆုကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သိန်း၊ တတိယဆု ကျပ်ငါးသိန်းနှင့်အတူ ပန်းဝင်လာသူပြိုင်ပွဲဝင်များအား ဆိုင်ကယ် နှစ်စီးနှင့် စက်ဘီးအစီး ၂၀ ကို မဲဖောက်ပေးမည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် တိုင်းအား/ကာရုံးများတွင် ဒီဇင်ဘာ ၉ ရက်အထိ စာရင်းပေးသွင်းပြိုင်ပွဲဝင်နိုင်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၇**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊လွိုင်လင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၈ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

❀ ရှေ့ဖုံးမှ

တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်မှု၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာ-ထိုင်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

## တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ




နေပြည်တော် ဒီဇင်ဘာ ၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ဝဲပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားခဲ့ပြီး နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများအပါအဝင် နယ်ပယ်ပေါင်းစုံ၌ နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# နှစ်နိုင်ငံ အစိုးရများနှင့် တပ်မတော်များအကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ လည်ပတ်နိုင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ကုန်သွယ်မှုနှင့် တရားမဝင်အလုပ်သမားတိုက်ဖျက်ရေး၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ အမြင်ချင်းဖလှယ် ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❏ *ကျောဖုံးမှ*

တွေ့ဆုံစဉ် မြန်မာ – ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအစိုးရများနှင့် တပ်မတော်များအကြား အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များ လည်ပတ်နိုင်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ကုန်သွယ်မှုနှင့် တရားမဝင် အလုပ်သမားတိုက်ဖျက်ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ မြန်မာ–ထိုင်းနှစ်နိုင်ငံ နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**လက်ဆောင်ပစ္စည်း ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့်အတူ ပထမအတွင်းဝန် Ms. Suchanaree Taranatham လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပစဉ်အတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ထားရှိ




ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားများ ကျင်းပစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားများ ကျင်းပစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဧည့်သည်တော်များ တည်းခိုမည့်နေရာ၊ ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပမည့်နေရာ၊ ဗိုလ်ရှုသဘင်အခမ်းအနားကျင်းပမည့်နေရာနှင့် ဂုဏ်ပြုယာဉ်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာဆိုင်ခန်းများ ခင်းကျင်းရောင်းချမည့် နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော်များ တည်းခိုနေထိုင်မည့် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် 315 KVA ထရန်စဖော်မာအပြင် 200 KVA ထရန်စဖော်မာ ထပ်မံဖြည့်စွက်ဆောင်ရွက်ရန်နှင့် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပမည့်နေရာများတွင် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ရန်၊ အရန်မီးစက်များနှင့် ထရန်စဖော်မာ အနီးပတ်ဝန်းကျင်တွင် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး ချုံနွယ်ပေါင်းပင်များအား ရှင်းလင်းဆောင်ရွက်ရန်၊ အရန်မီးစက်များ Full Load ဖြင့် စမ်းသပ်မောင်းနှင်ခြင်း ပြုလုပ်ထားရန်နှင့် စနစ်တကျ တာဝန်ခွဲဝေပေးအပ်ထားရန်၊ အရန်မီးစက်များကို အမိုးအကာဖြင့် စနစ်တကျထားရှိရန်၊ ထရန်စဖော်မာ အဝင်အထွက်ကြိုးများ အန္တရာယ်မဖြစ်ပေါ်စေရေး စနစ်တကျဆောင်ရွက်ထားရန်၊ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်မီးပြတ်တောက်ချိန်တွင် အရန်ဓာတ်အားလိုင်းဖြင့် ဓာတ်အားပြန်လည်ချိတ်ဆက်ပို့လွှတ်နိုင်ရေး တာဝန်တိကျစွာချထားရန်နှင့် အခမ်းအနား မကျင်းပမီ ဒုတိယအကြိမ် ထပ်မံစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်၍ မှာကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီထွက်သီးနှံ နေကြာတိုးချဲ့ စိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၇**

စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေနှင့် စပ်လျဉ်း၍ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလကုန်အထိ ခြောက်လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအမံများအတွက် ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက မိုးနေကြာစိုက်ကာလတွင် ကြုံတွေ့ရသည့် အခြေအနေများအပေါ် ပြန်လည်သုံးသပ်ပြီး လာမည့် ဆောင်းနေကြာ စိုက်ပျိုးရေးအတွက် ရည်မှန်းထားသည့် လျာထားချက်များ ပြည့်မီရေးအတွက် ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မတူညီသည့် လုပ်ငန်းအခြေအနေ အရပ်ရပ်အပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆောင်းနေကြာ စိုက်ပျိုးရေးလုပ်ငန်း အစီအမံများကိုလည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် တာဝန်ရှိသူများက ဒေသအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၅၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား





**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့ နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၅၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

အဆိုပါ နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

## အသိအမှတ်ပြု

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ဖြတ်သန်းခဲ့ရသည့် ခေတ်အဆက်ဆက်တွင် ကောင်းမြတ်သည့် အစဉ်အလာများကို ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်လာခဲ့ကြသည်မှာ (၅၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်၍ ဌာနဝန်ထမ်းအားလုံးအတွက် အလွန်ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ရုံးပေါင်း ၅၅ ရုံးအထိ တိုးချဲ့ဖွင့်လှစ်ပြီး ဌာန၏ လုပ်ငန်းတာဝန်(၆)ရပ်ကို အစဉ်အဆက် ကျေပွန်အောင်မြင်စွာ ထမ်းဆောင်ခဲ့ကြသည်ကို အသိအမှတ်ပြုပါကြောင်း၊ ဌာနအနေဖြင့် မော်တော်ယာဉ်များ၊ ယာဉ်မောင်းလိုင်စင်များကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် အညီ စိစစ်မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်မှ စပြီး နိုင်ငံတော်က မော်တော်ယာဉ် တင်သွင်းမှုဆိုင်ရာ မူဝါဒကို ဖြေလျှော့ခွင့်ပြုပေးခဲ့သည့်အတွက် ၂၀၁၁ ခုနှစ်တွင် ယာဉ်စီးရေ ၂ ဒသမ ၃ သန်းကျော်သာ ရှိခဲ့ရာမှ လက်ရှိ ၂၀၂၂ ခုနှစ်တွင် ယာဉ်စီးရေ ၇ ဒသမ ၂ သန်းကျော်အထိ ဆယ်စုနှစ်ကာလအတွင်း သုံးဆကျော် တိုးတက် မှတ်ပုံတင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဌာန၏ အဓိကလုပ်ငန်းများတွင် IT နည်းပညာ အသုံးပြုပြီး Computerized System ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် QR Code ဖတ်ရှုနိုင်သည့် Smart Card ယာဉ်မောင်းလိုင်စင်များ၊ ယာဉ်နံပါတ်ပြားများအဆင့်အထိ တိုးမြှင့်နိုင်ခဲ့သည့်အတွက် IT နည်းပညာသုံး ဝန်ဆောင်မှုနှင့် e-Government ဖော်ဆောင်မှုတွင် နိုင်ငံတော်၏ မူဝါဒ၊ မျှော်မှန်းချက်နှင့်အညီ ကောင်းစွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

National Road Safety Council ၏ Focal Department အဖြစ် NRSC ၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများကို တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အပြင် Global Plan for UN’s Decade of Action for Road Safety (2021–2030)နှင့်အညီ ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အောင်မြင်စွာ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံ ကုန်းလမ်းပို့ဆောင်ရေး ကဏ္ဍ၏ Focal Department အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြား ပုံစံအသစ်များအား ပြောင်းလဲတပ်ဆင်ပေးနိုင်ခြင်းသည်လည်း ဌာန၏ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအဖြစ် အသိအမှတ်ပြုပါကြောင်း၊ ဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍသည် ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍအသီးသီးအတွက် အဓိကကျသကဲ့သို့ နိုင်ငံအတွင်းရှိ တိုင်းရင်းသားများ အချင်းချင်း ကူးလူးသွားလာမှု၊ ထိတွေ့ဆက်ဆံမှုအတွက်လည်း အရေးပါလှပါကြောင်း။

**“ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်”**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံနှင့် ပြည်သူ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာအောင် ရည်မှန်းချက်ထားပြီး ဌာနအကျိုး၊ နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုး ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ (၅၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် Video Clip ကို ပြသသည်။

## ဂုဏ်ပြုဆုများ ချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ အရာရှိကြီးများကို လည်းကောင်း၊ ဒုတိယဝန်ကြီးများက ၂၀၂၂ ခုနှစ်အတွင်း ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိသူများနှင့် သင်တန်းအသီးသီး၌ ထူးချွန်ဆုရရှိခဲ့ကြသည့် အရာထမ်း/အမှုထမ်းများကို လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ထူးချွန်ဆုရ ဝန်ထမ်းများ၊ ဌာန အရာထမ်း/အမှုထမ်းများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ပြည်ထောင်စုဝန်ကြီးက ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## အတူတကွသုံးဆောင်

နှစ်ပတ်လည်နေ့ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းခန်းမ၌ ပြုလုပ်သည့် နှစ်ပတ်လည်နေ့ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဝန်ထမ်းများအားလုံးနှင့် မိသားစုသဖွယ် ရင်းနှီးနွေးထွေးစွာ နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

အလားတူ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး / ပြည်နယ် / ခရိုင်ရုံး အသီးသီး၌လည်း (၅၈) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဌာနမှ အငြိမ်းစားဝန်ထမ်းဟောင်းများကို ဖိတ်ကြား၍ ဝန်ထမ်းများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ စားပွဲများ ပြုလုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးမြို့နယ် ရွာသစ်ကျေးရွာသို့ အရင်းမပျောက်မတည်ငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ငွေကျပ်သိန်း ၃၀၀ ထောက်ပံ့

**ပဲခူး ဒီဇင်ဘာ ၇**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ငှက်ပျောပင်မှ ထွက်ရှိသော ပစ္စည်းများဖြင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲကို ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကား ပြောကြားသည်။




သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများနှင့် မြစိမ်းရောင်စီမံကိန်းအတွက် ငွေကျပ်သိန်း ၃၀၀ ကို ထောက်ပံ့ပေးအပ်ကာ (ဝဲပုံ) ငှက်ပျောပင်မှ ထွက်ရှိသည့် ပစ္စည်းများဖြင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်ခြင်းသင်တန်း လက်တွေ့သင်ကြားနေမှု၊ ငှက်ပျောပင်၊ ငှက်ပျောရွက်၊ အင်ရွက်၊ စလူရွက်နှင့် ကွမ်းပင်အဖတ်များဖြင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်ထားရှိမှုနှင့် အခြေခံစက်ချုပ်သင်တန်းတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ် ကင်းချောင်းကျေးရွာအုပ်စု၌ ဆောင်းပဲတီစိမ်း စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုနှင့် နွေစပါး စိုက်ပျိုးရေရရှိရေးအတွက် ဇောင်းတူရေပေးမြောင်း DY–1 နှင့် ဇောင်းတူမြောင်းမကြီး သဲနုန်းတူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် သွင်းအားစုများ ထောက်ပံ့ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမအသင်းသားပိုင် လယ်မြေများတွင် ဆင်းသုခစပါးများ စိုက်ပျိုး

**အုတ်တွင်း ဒီဇင်ဘာ ၇**

အုတ်တွင်းမြို့နယ်ရှိ ကွဲပွဲ-၂ စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေး သမဝါယမအသင်း၏ အသင်းသားပိုင် လယ်မြေ ၂၃ ဧက၊ အုတ်တွင်း မျိုးစေ့ထုတ်လုပ်ရေး သမဝါယမ အသင်းသားပိုင် လယ်မြေ ၆၁ ဧက စုစုပေါင်း လယ်မြေ ၈၄ ဧကပေါ်တွင် ဆင်းသုခစပါးများ စိုက်ပျိုးထားသည်။ အသင်းများအနေဖြင့် ဆင်းသုခစပါးများ ရိတ်သိမ်းချိန်တွင် တစ်ဧကလျှင် ပျမ်းမျှ ၆၅ တင်းမှ တင်း ၇၀ ထိ ထွက်ရှိနိုင်ပြီး လယ်မြေဧက ၈၄ ဧကပေါ်တွင် စုစုပေါင်း စပါးတင်း ၅၀၀၀ ကျော် ထွက်ရှိမည်ဖြစ်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၇

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ယနေ့ ပညာရေးအားနည်းနေမှုကို ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များမှ ဆရာဆရာမများနှင့် အခြေခံပညာမှ ဆရာ ဆရာမများ ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ပညာရေးတိုးတက်လာမည် ဖြစ်ကြောင်း၊ ပညာရေးနိမ့်ကျလျှင် ဘက်စုံနိမ့်ကျမည်ဖြစ်ပြီး အလွတ်ကျက်မှတ်သည့်စနစ်ကို ပပျောက်စေရန်နှင့် အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏အရည်အချင်းမြင့်မားအောင် မိမိတို့ကိုယ်တိုင် စာများများဖတ်ရန် လိုအပ်ပါကြောင်း၊ တော်သော၊ စာသင်ကောင်းသော ဆရာ ဆရာမများဖြစ်ရန်အတွက် ကိုယ်တိုင်လေ့လာသင်ယူကာ မိမိသင်ပြသော ဘာသာရပ်ကို အမှန်တကယ် တတ်ကျွမ်းရမည် ဖြစ်ကြောင်း၊ ဘာသာရပ် တစ်ခုတည်းကိုသာ လေ့လာနေရုံသာမက ဆက်စပ်နေသည့် ဘာသာရပ်များကိုလည်း လေ့လာရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများသည် မိမိသင်ကြားနေသည့် တပည့်များအား အမှန်တကယ်တော်သော၊ တတ်မြောက်သော အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် စေတနာထား၍ သင်ကြားပေးကြရန်လိုအပ်ကြောင်း။

ပညာရေး ဝန်ကြီးဌာနသည် ပညာတတ်များ အများဆုံးရှိသည့် နေရာဖြစ်သည့်အတွက် မိမိတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ သုတေသနနှင့် စပ်လျဉ်း၍ သုတေသနသည် တက္ကသိုလ်၏ အသက်သွေးကြော ဖြစ်သည့်အတွက် သုတေသန ဆောင်ရွက်ရေး၊ သင်ကြားရေး၊ အရည်အချင်းမြှင့်တင်ရေးအတွက် ဘာသာရပ်ဌာနများ၏ စာကြည့်တိုက်များအတွက် ဘာသာရပ်ရည်ညွှန်းစာအုပ်များ ဖြည့်ဆည်းရန် လိုအပ်သော ရန်ပုံငွေများ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ ဌာနများအတွက် ရေသန့်စက်များ ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ ဆရာဆရာမများ တစ်ယောက်နှင့်တစ်ယောက် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် ညီညွတ်စွာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရန် မှာကြားလိုပါကြောင်း ပြောကြားပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းများက လိုအပ်သည်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိ၍ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ အမှာစကား ပြောကြားကာ ကျောင်းအုပ်ဆရာမကြီးက လိုအပ်သည်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လသာမြို့နယ် အမှတ်-၁ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအတွင်း ကျောင်းသားကျောင်းသူများ စိုက်ပျိုးထားသော ပရဆေးပျိုးဥယျာဉ်နှင့် ပန်းအလှပင်များကို လည်းကောင်း၊ ဘာသာစကား သင်ကြားရေး Language Lab အခန်းတွင် Grade-9 ကျောင်းသားကျောင်းသူများ၏ သင်ကြားသင်ယူနေမှုများကိုလည်းကောင်း၊ စာကြည့်တိုက်ဖွင့်လှစ်ထားရှိမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး **(ဝဲပုံ)** Language Lab အသစ်လဲလှယ်တပ်ဆင်ရေး၊ စာအုပ်ဗီရိုနှင့် စာအုပ်များ ဖြည့်တင်းရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။



အလားတူ ဒဂုံမြို့နယ် အမှတ်-၁ အခြေခံပညာ အထက်တန်းကျောင်းနှင့် တာမွေမြို့နယ် အမှတ်-၁ အခြေခံပညာ အထက်တန်းကျောင်းများတွင် ကျောင်းသားကျောင်းသူများ စာသင်ယူနေမှုများကို ကြည့်ရှုပြီး လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) ၏ (၁/၂၀၂၂) ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၇**

ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) ၏ (၁/၂၀၂၂) ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)နှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)နှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် အသုံးစရိတ်များ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်များကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် အထူးအလေးထား လိုက်နာဆောင်ရွက်ရန် လိုပါကြောင်း။

၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ လျာထားရာတွင် လုပ်ငန်းစီမံကိန်းများ (Projects) နှင့် လုပ်ငန်းများ (Works) ဆိုပြီး နှစ်ပိုင်းရှိသည့်အပြင် မဟာဗျူဟာမြောက် လုပ်ငန်းစီမံကိန်းများ၊ Project Bank တွင် လျာထားမည့် လုပ်ငန်းစီမံကိန်းများ ပါဝင်ပါကြောင်း၊ လုပ်ငန်းစီမံကိန်းများအားလုံးကို Myanmar Sustainable Development Plan နှင့် ချိတ်ဆက်ပြီး ဆောင်ရွက်လျက်ရှိသည့်အတွက် တည်ဆောက်ရေးလုပ်ငန်းများကို လျာထားရာတွင် လုပ်ငန်းစီမံကိန်းသစ်၊ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများဖြင့် ခွဲခြားဖော်ပြပြီး မိမိတို့ဝန်ကြီးဌာနများမှ ခွဲဝေရရှိထားသော ငွေလုံးငွေရင်း အသုံးစရိတ်ဘောင်အတွင်းမှ လျာထားဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ဘဏ္ဍာငွေရသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲတင်ပြရာတွင် ငွေလုံးငွေရင်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အချက်များကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးရေး လိုက်နာဆောင်ရွက်ရမည့် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ က ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ မူဝါဒများနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေး ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်း ရေးအဖွဲ့ (ငွေလုံးငွေရင်း) အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူတို့က မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတောင်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ရွှေတောင် ဒီဇင်ဘာ ၇**

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက ကြာနီကန်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွင် ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အ.ထ.က(ကြာနီကန်)ကျောင်းမှ မောင်ထက်အောင်လင်းက လူငယ်နှင့်ကျန်းမာရေး၊ မောင်နွေဦးဝေက လူငယ်နှင့်အားကစား၊ မသဇင်ဖြိုးဝေက လူငယ်နှင့်ပညာရေး၊ မမေမြင့်မိုရ်က လူငယ်နှင့်စာပေခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များအား မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ဆွေးနွေးကြသည်။ ထို့နောက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်များ ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**



# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၄/၂၀၂၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၄/၂၀၂၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ညှိနှိုင်း အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး က အထူးစီးပွားရေးဇုန်အလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ပိုမိုတိုးတက်မှုရှိစေရေး၊ ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်များကို လိုက်နာအကောင်အထည်ဖော်ရေးနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အထူးစီးပွားရေးဇုန် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရေး၊ အထူးစီးပွားရေးဇုန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီများမှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အထူးစီးပွားရေးဇုန်များ၏ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ ကိုက်ညီမှန်ကန်စေရေး ပြည်ထောင်စုနယ်မြေအတွင်း ကွင်းဆင်းစိစစ်

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ မှန်ကန်စေရေးအတွက် စိစစ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် သက်ဆိုင်ရာမြို့နယ်အလိုက် ကွင်းဆင်းစိစစ်ဆောင်ရွက်ကြသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်လွင်ဦးနှင့် ဦးခင်မောင်ဦးတို့သည် ပုဗ္ဗသီရိမြို့နယ်၌ လည်းကောင်း၊ ဦးအောင်စောဝင်းနှင့် ဦးစောဘလှိုင် တို့သည် ဥတ္တရသီရိမြို့နယ်၌ လည်းကောင်း၊ ဦးသန်းထွန်း၊ ဦးသန်းဝင်းနှင့် ဦးသန်းအောင်ကျော်တို့သည် ပျဉ်းမနားမြို့နယ်၌ လည်းကောင်း၊ ဦးအောင်မိုးမြင့်နှင့် ဦးသန်းစိုး တို့သည် ဇမ္ဗူသီရိမြို့နယ်၌လည်းကောင်း၊ ဒေါက်တာ ဘမောင်နှင့် ဒေါ်နုမြဇံတို့သည် ဒက္ခိဏသီရိမြို့နယ်၌လည်းကောင်း၊ ဦးမြင့်ဦးနှင့် ဦးမြင့်သိန်းတို့သည် လယ်ဝေးမြို့နယ်၌လည်းကောင်း၊ ဦးကိုကိုလွင်နှင့် ဦးမင်းမင်းဦး တို့သည် ဇေယျာသီရိမြို့နယ်၌ လည်းကောင်း၊ ဦးစိုးဦးနှင့် ဦးဘရန်ရှောင်တို့သည် တပ်ကုန်းမြို့နယ်၌လည်းကောင်း လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်ကြသည်။

ကော်မရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်အတွင်းရှိ ဥပဒေနှင့်အညီ နေထိုင်လျက်ရှိသော လူဦးရေစာရင်းများကို မြို့နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ခြင်း (Cross-check) ဖြင့် တွေ့ရှိရသည့် နှစ်ကြိမ်ထပ်၊ သုံးကြိမ်ထပ်၊ လေးကြိမ်နှင့်အထက် ထပ်နေသည့် စာရင်းများကို စနစ်တကျ မှန်ကန်မြန်ဆန်စွာ စိစစ်ဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများနှင့် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ကြသည်။

ယင်းစိစစ်ခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဆည်မြို့နယ် အခြေခံပညာကျောင်းများ၌ ဒီဇင်ဘာလ အားကစားပြိုင်ပွဲများ ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ ဖြစ်စေရေးအတွက် ဒီဇင်ဘာလ အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌လည်း KG အတန်းမှစ၍ Grade-11 အတန်းအထိ ကျောင်းတွင်း အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၆ ရက်မှစ၍ ကျင်းပလျက်ရှိသည်။



အားကစားပြိုင်ပွဲများအဖြစ် KG တန်း၊ Grade-1 နှင့် Grade-2 အတန်းများတွင် ကျား/ မ မီတာ ၁၀၀ အပြေး၊ မုန့်ကိုက်၊ ပူဖောင်းဖောက်ပြိုင်ပွဲများ၊ Grade-3၊ Grade-4 Grade-5 အတန်းများတွင် ကျား/မ မီတာ ၁၀၀ အပြေး၊ အိတ်စွပ်အပြေး၊ အာလူးကောက်ပြိုင်ပွဲများ၊ Grade-6၊ Grade-7၊ Grade-8 Grade-9 အတန်းများတွင် မီတာ ၂၀၀ အပြေး၊ မီတာ ၁၀၀ ဆန်ကောရွက်၊ ထုပ်ဆီးတိုးပြိုင်ပွဲများနှင့် Grade-10၊ Grade-11 အတန်းများတွင် ထုပ်ဆီးတိုးပြိုင်ပွဲများ ကျင်းပပေးနေပြီး ပြိုင်ပွဲများတွင် ထူးချွန်သူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# ဂွမြို့နယ် ကံ့ကော်တောင်ကျေးရွာကုန်ထုတ်လမ်း၌ Box Culvert ၁၀ စင်းတည်ဆောက်

**ဂွ ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ် ဂွမြို့နယ် ကံ့ကော်တောင်ကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်းပေါ်၌ Box Culvert ၁၀ စင်း တည်ဆောက်နေမှုကို သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၆ ရက်က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကံ့ကော်တောင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းနှင့် Box Culvert ၁၀ စင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေ ကျပ် ၈၀ ဒသမ ၉၄၃ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။ လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# မဘိမ်းမြို့နယ် မဘိမ်း-လဝါကျေးရွာ ကတ္တရာလမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**မဘိမ်း ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် မဘိမ်းမြို့နယ်နှင့် လဝါကျေးရွာ ဆက်သွယ်သော လမ်းမကြီး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို နွန်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မဘိမ်းမြို့နယ်နှင့် လဝါကျေးရွာဆက်သွယ်သော အဆိုပါ လမ်းမကြီးတွင် ကတ္တရာလမ်း အရှည် ခြောက်ဖာလုံ ခင်းခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၃၄ ဒသမ ၀၇ သန်းဖြင့် နွန်လ ပထမပတ်မှစတင်၍ မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံး ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ် ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဒေါ်မြသက်မွန်က ပြောသည်။

**ကျော်စိုး**

# ရန်ကုန်မြို့တော် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်နေမှု ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် ဒုတိယမြို့တော်ဝန် ဦးညီညီတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ် ကမ်းနားလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်ရှိ ကမ်းနားလမ်းဖြတ် Box Culvert တည်ဆောက်နေမှု၊ ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကမ်းနားလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ ကျူးကျော်နေထိုင်မှုများ မရှိစေရန်၊ ဗိုလ်မြတ်ထွန်းမြစ်ထွက်ပေါက်အနီး ကမ်းနားလမ်းမြောက်ဘက်အခြမ်း အုတ်တံတိုင်းအတွင်း သပ်ရပ်မှုမရှိသည့် အမိုးများဖြုတ်သိမ်းရန်နှင့် ကွန်တိန်နာလမ်း တိုးဂိတ်ဘေး အုတ်ခုံသစ်လွင်စေရေး ဆောင်ရွက်ရန်တို့ကို မှာကြားသည်။



ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရေဆိုးသန့်စင်စက်ရုံ၌ Mini Pilot ရေဆိုးသန့်စင်စနစ် သုတေသနပြုလုပ်နေမှုနှင့် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း ကွန်တိန်နာဝင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက်၊ ရှုခင်းသာမြို့ပတ်လမ်းရှိ အမှတ်(၇) မြစ်ထွက်ပေါက်မြေထိန်းနံရံ တည်ဆောက်နေမှု၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်း တိုးချဲ့ခင်းနေမှုနှင့် ရန်ကင်းမြို့နယ် (၁၅) ရပ်ကွက် မိုးကောင်းလမ်းမှ မြောက်မြင်းပြိုင်ကွင်းလမ်းအထိ မြောင်းဖုံးပါအုတ်ရေမြောင်းနှင့် လူသွားစင်္ကြံခင်းနေမှုများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ကာလိမြို့၌ စာဖတ်ဝိုင်းနှင့် စာအုပ်ပြပွဲ ပြုလုပ်

**ကာလိ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာရေးဆရာ မောင်စည်သူ (အဖျောက်) ရေးသားထားသော "တာဝန်သိစိတ် တာဝန်ယူစိတ်" စာအုပ်ဖြင့် စာဖတ်ဝိုင်းနှင့် စာအုပ်၊ စာစောင်ပြပွဲကို ဒီဇင်ဘာ ၇ ရက်က ကျင်းပသည်။

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်ထင်ထင်ကျော်က ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အသိပညာ ဗဟုသုတများ တိုးပွားစေရန်နှင့် တစ်ဦးနှင့်တစ်ဦး အသိပညာများ ဖလှယ်တတ်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး စာရေးဆရာ မောင်စည်သူ (အဖျောက်) ရေးသားထားသော "တာဝန်သိစိတ် တာဝန်ယူစိတ်" စာအုပ်မှ "စာပေအသိ" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကာ အ.မ.က (မိုင်းယိုင်း) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီကိုလင်းက "အတုခိုး မမှားဖို့" ခေါင်းစဉ်ဖြင့် အတု မယူသင့်သည်ကို အတုယူသောကြောင့် ဒုက္ခရောက်တတ်သည့် အကြောင်းအရာများကို ဆွေးနွေးပြီး ကျောင်းသားကျောင်းသူများက စာအုပ်ပါ ခေါင်းစဉ်များကို ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

**ထင်ထင်(ပြန်/ဆက်)**

ကာလိမြို့၌ စာဖတ်ဝိုင်းနှင့် စာအုပ်ပြပွဲ ပြုလုပ်စဉ်။




# ကျောက်တန်းမြို့နယ်၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအသိပညာပေး

**ကျောက်တန်း ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီက ကြီးမှူး၍ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအကြောင်း အသိပညာပေးဟောပြောပွဲများကို အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း မှော်ဝန်းရတနာခန်းမနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမတို့၌ ဒီဇင်ဘာ ၆ ရက်က ပြုလုပ်သည်။



ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်သန်းဦးက ဟောပြောပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအိအိအောင်က မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူ စာချုပ် (UNVRC) ကို ၁၉၉၁ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာကြောင်း၊ ၁၉၉၃ ခုနှစ်တွင် ကလေးသူငယ်ဥပဒေနှင့် ၂၀၁၁ ခုနှစ် နည်းဥပဒေများကို ပြဋ္ဌာန်းပြီး ကလေးသူငယ်များ၏အခွင့်အရေး လေးရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အကာအကွယ်ရရှိခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်တို့ကို အပြည့်အဝရရှိစေရန် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ကလေးများအား အကြမ်းဖက်ခြင်း၊ လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းဆိုသည့် ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသော လုပ်ရပ်များကို ကာကွယ်တားဆီး စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း စသည်တို့ကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။ ဟောပြောပွဲများသို့ ကျောင်းသား ကျောင်းသူ ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ တစ်ဆက်တည်း ဖွင့်လှစ်မည်

**မင်းဘူး ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားကြီးအနီးရှိ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ တစ်ဆက်တည်း ဖွင့်လှစ်မည်ကြောင်း မင်းဘူး သစ်ထုတ်ရေးဒေသတာဝန်ခံ ခရိုင်မန်နေဂျာ ဦးဇော်ဝင်းနိုင်ထံမှ သိရသည်။



ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားကြီးအနီး ပဒေါင်း – ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်း၌ တောတောင်၊ ရေမြေနှင့် စိမ်းစိုသာယာလှပသော သဘာဝရှုခင်းအလှများကို အခြေခံ၍ မြန်မာ့သစ်လုပ်ငန်း၊ မင်းဘူး သစ်ထုတ်ရေးဒေသ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်းမှ ပြည်တွင်းပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်စေရန်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ထားကြောင်း သိရသည်။

"ဆင်စခန်းကတော့ အခုလက်ရှိမှာ အဆက်မပြတ် ဖွင့်လှစ်ထားပြီးတော့ ရွှေစက်တော်ဘုရား ပွဲတော်ချိန်မဟုတ်တော့ လာရောက်သူတော့ နည်းပါးတယ်။ ဆင်စခန်းမှာ လာရောက်အပန်းဖြေတဲ့သူတွေကို ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအားလုံး ဆောင်ရွက်ပေးနိုင်ဖို့၊ ခရီးတိုဆင်စီးရင်း တောတောင်၊ ရေမြေနဲ့ စိမ်းစိုသာယာလှပတဲ့ သဘာဝရှုခင်းအလှတွေကို ကြည့်ရှုခံစားနိုင်စေဖို့နဲ့ မန်းချောင်းဘေးမှာ ဆင်တွေနဲ့အတူ ရေချိုးရင်း အပန်းဖြေ အနားယူနိုင်စေဖို့အတွက် ယာယီတံတား၊ တည်းကျောင်းနဲ့ အလှဆင်တာတွေကို ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြားအနေနဲ့ ဆင်လိမ္မာလေးတွေနဲ့အတူ ကပြ(အလှပြ) ဖျော်ဖြေညှော်ခံတဲ့အစီအစဉ် (Elephant Show) ကို ထည့်သွင်းဆောင်ရွက်မှာပါ"ဟု ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးထက်နိုင်အောင်က ပြောသည်။

အဆိုပါ ဆင်စခန်းကို ဖွင့်လှစ်ချိန်အဖြစ် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ သတ်မှတ်ထားကြောင်း၊ ဆင်ထီး လေးကောင်၊ ဆင်မ ခုနစ်ကောင်၊ စုစုပေါင်း ဆင် ၁၁ ကောင်ရှိပြီး ပြည်တွင်းခရီးသွား တစ်ဦးလျှင် ဆင်စခန်းဝင်ကြေး ကျပ် ၁၀၀၀ နှင့် ခရီးတိုဆင်စီးခ ကျပ် ၅၀၀၀ နှုန်း၊ နိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေး ကျပ် ၁၀၀၀၀ နှင့် ခရီးတိုဆင်စီးခကျပ် ၁၀၀၀၀ နှုန်း၊ တည်းခိုဆောင်အနေဖြင့် ဘန်ဂလို ၁၁ လုံးရှိပြီး တည်းခိုဆောင် တစ်လုံးအတွက် တစ်ရက်လျှင် ငှားရမ်းခ ကျပ် ၃၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနသည် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းအပါအဝင် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်း Elephant Conservation Based Tourism (ECBT) စခန်း ၂၂ ခုကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အစည်းအဝေးများကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအောက်ရှိ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေ ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၂) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေ ထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ကော်မတီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းကော်မတီ၏ အဓိကတာဝန်မှာ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် ဘဏ္ဍာရန်ပုံငွေကို စီမံခန့်ခွဲရာတွင် အမျိုးသားကော်မတီ၏ မူဝါဒ၊ လမ်းညွှန်ချက်၊ သက်ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုက်ညီစေရေး၊ စနစ်တကျရှိစေရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက တင်ပြတောင်းခံလာသည့် သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ရန်ပုံငွေများအပြင် ကိုဗစ်-၁၉ ကိစ္စရပ်များတွင် သုံးစွဲရန်အတွက် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ရန်ပုံငွေများကို ခွင့်ပြုချက်ဖြင့် ထောက်ပံ့လွှဲပြောင်း ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဘဏ္ဍာရေး စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရေး တို့အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ၂၀၁၃ ခုနှစ်ပါ ပြဋ္ဌာန်းချက်အရ ထူထောင်ထားသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ်ထည့်သွင်းပေးလျက် ရှိပါကြောင်း၊ ရန်ပုံငွေများကို သုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်းများ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဘဏ္ဍာရန်ပုံငွေများကို အကျိုးရှိထိရောက်စွာနှင့် အလေအလွင့်မရှိစေရေး သုံးစွဲရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တင်ပြချက်များအပေါ် ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီ (၁/၂၀၂၂) အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် က နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်းရာသီနှင့် နွေဦးကာလများတွင် ဖြစ်ပွားလေ့ရှိသော ဘေးများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် ကျန်ရှိသောလုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌထံ တင်ပြနိုင်ရေးအတွက် ကျိုးကြောင်းဖော်ပြချက်နှင့်အတူ ရှင်းလင်းတင်ပြပေးကြရန်နှင့် ပြည်သူများပါဝင်သော ဇာတ်တိုက်လေ့ကျင့်မှုများ၊ ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကို အမျိုးသားကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပေါင်းစပ်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ လုပ်ငန်းကော်မတီဝင်များအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများအား လျင်မြန်ထိရောက်စွာ ကူညီဆောင်ရွက်နိုင်ရေး အတွက် ဝိုင်းဝန်းဆွေးနွေးကြရန် ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင်နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၉၅) ကို ဒီဇင်ဘာ ၉ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရနှင့် ဖြူဖြူခိုင် တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၉၊ ၁၀ နှင့် ၁၁ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်" မှ "မဟောသဓာ လည်ရွဲနှင့် ချည်ထွေးတရားစီရင်ခန်း" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ် လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ် စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ "မဟောသဓာ လည်ရွဲနှင့် ချည်ထွေးတရားစီရင်ခန်း" ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာ ဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု၊ ဘွန်း၊ နန်းခင်မွေး၊ ဆန်းနေအောင်၊ မင်းဗိုလ်၊ ဘဲဥမ၊ သဒ္ဒါသိမ့်၊ စိမ်းမြတ်သူ၊ စန္ဒာလင်းတို့နှင့်အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဒီဇင်ဘာ ၁၀ ရက် စနေနေ့ ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၄ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ်(၁၅) ဒုတိယအဆင့် (Level -2) ပြိုင်ပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော်ဂီတ ပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှ စတင်ပြီး ပွဲစဉ် (၁၈) ပွဲဖြင့် အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့် အကယ်ဒမီ ချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင် ခိုင်ဝါတို့က လည်းကောင်း၊ သရုပ်ဆောင်/ တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် လည်းကောင်း ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာမှ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level-2) တွင် ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင် ၁၀ ဦးအား ဦးစွာရွေးချယ်ခဲ့ပြီး ဆက်လက် ယှဉ်ပြိုင်မှုဖြင့် ထပ်မံရွေးချယ်ခဲ့ရာ ပြိုင်ပွဲဝင် ခုနစ်ဦး ပေါ်ထွက်လာပြီဖြစ်၍ ပွဲစဉ် (၁၅) အား ဒီဇင်ဘာ ၉ ရက် သောကြာနေ့ညတွင် စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်ပြီး MRTV-HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဒုတိယအဆင့် (Level-2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိရာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ချင်းပြည်နယ်မှ မြင့်မြတ်သူ (MF02)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MF03)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MF05)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MF06)၊ ကချင်ပြည်နယ်မှ လလဆွတ် (MF07)၊ နေပြည်တော်မှ ပူတူး (MF09) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့အား ပြည်တွင်းတယ်လီဖုန်း Operator များမှတစ်ဆင့် Code No 7575 သို့ ပြိုင်ပွဲဝင်၏ MF နံပါတ်ကို ရိုက်နှိပ်၍ ဒီဇင်ဘာ ၉ ရက် ည ၉ နာရီမှစတင်၍ ဒီဇင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီအထိ SMS အကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဒီဇင်ဘာ ၁၁ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိုက်ထူရေးဆွဲထားသည့် လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၇**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်တိုက်မှုအန္တရာယ်ရှိသည့် လမ်းနေရာ သုံးနေရာသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ Road Audit ပြုလုပ်မှုများအပေါ် သုံးသပ်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ကွင်းဆင်းစစ်ဆေးခဲ့**

ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့်အတူ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာမှူးကြီးများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူးများ လိုက်ပါကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(ယာပုံ)**

ကွင်းဆင်းစစ်ဆေးရာ၌ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်သွားလာမှု အင်ဂျင်နီယာဌာနစိတ်မှ အင်ဂျင်နီယာမှူးကြီး ဒေါ်ဖြူဖြူဝင်းနှင့်အဖွဲ့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ရှိသည့် လမ်းပိုင်းများဖြစ်သည့် လမ်းပိုင်း(၁) ရာဇသင်္ဂဟလမ်းမကြီး၊ ကုမုဒြာကြာပန်းအဝိုင်းမှ အင်ကြင်းပန်းအဝိုင်းထိ လမ်းပိုင်း၊ ဗဟိုဘဏ်ရှေ့နေရာ(၀ ဒသမ ၅၂ ကီလိုမီတာ)၊ လမ်းပိုင်း(၂) ဇေယျာဌာနီလမ်းမကြီး၊ ဝန်ကြီးဌာနရုံးများမှ Sinma Living Mall ထိလမ်းပိုင်း (၀ ဒသမ ၆၁ ကီလိုမီတာ)နှင့် လမ်းပိုင်း(၃) ဇေယျာဌာနီလမ်းမကြီးနှင့် သီရိရတနာလမ်းဆုံမီးပွိုင့်နေရာတို့၌ လမ်းပိုင်းဆိုင်ရာ မြေပြင်အခြေအနေ လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး အဆိုပါလမ်းပိုင်းသုံးနေရာ၌ အန္တရာယ်သတိပေးလမ်းညွှန်များ၊ လမ်းအမှတ်အသားများ၊ မိုတ်တုတ်မီးဝါအချက်ပြများ ဖြည့်စွက်စိုက်ထူရေးဆွဲသင့်သည်များကို အကြံပြုတင်ပြခဲ့သည်။ Road Audit ဆောင်ရွက်မှုနှင့် အကြံပြုတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။



**အကြံပြုချက်များ**

အဆိုပါ လမ်းပိုင်းသုံးနေရာတို့၌ Road Audit ဆောင်ရွက်မှုနှင့်ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို စီမံဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့မည်ဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီမှလည်း မြေပြင်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သီးထပ်စွမ်းအားတိုးမြှင့်ရေး စိုက်ပျိုးရေပေးဝေရန် စက်ရေတွင်းရေမှုတ်စမ်းသပ်

**ပုဗ္ဗသီရိ ဒီဇင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ အုပ်စု ကွင်းအမှတ် ၁၆၂၃ (က)၌ သီးထပ်စွမ်းအား တိုးမြှင့်ရေး စိုက်ပျိုးရေစက်ရေတွင်းအမှတ်(၆) ရေမှုတ်စမ်းသပ်ခြင်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က နေပြည်တော်ကို Green City, Clean City, Smart Cityအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် သီးထပ်စွမ်းအားပြည့် သုံးသီးစိုက်ပျိုးနိုင်ရန်အတွက် မြေအောက်စက်ရေတွင်းများဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေကို ဆိုလာစနစ် အသုံးပြု၍ ရေလေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် ထိရောက်စွာ စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် Rain Gun ရေဖျန်းစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စက်ရေတွင်းများတူးဖော်ပြီးစီးပါက စက်ရေတွင်း အလိုက်ရေသုံးစွဲသူများ အဖွဲ့ (WUG) များ ဖွဲ့စည်းကာ စက်ရေတွင်းနှင့် ဆိုလာစနစ်အတွက် ဆက်စပ်ပစ္စည်းများကို လွှဲအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးရေရရှိရေး စက်ရေတွင်းများ တူးဖော်၍ သီးထပ်စွမ်းအား မြှင့်တင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ရာ တောင်သူများကိုယ်စား တောင်သူ ဦးသန်းစိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေစက်ရေတွင်း အမှတ်(၆) ရေမှုတ်စမ်းသပ်ခြင်းကို ကြည့်ရှုအားပေးသည်။



နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် အဖွဲ့ဝင်များ စက်ရေတွင်း ရေမှုတ်စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ စက်ရေတွင်းများ တူးဖော်ခြင်းကို ပင်လောင်း လမ်းဘေးဝဲ/ယာ တစ်လျှောက် အနက်ပေ ၃၀၀ ရှိ တွင်းပေါင်း ရှစ်တွင်းကို တူးဖော်မည် ဖြစ်ကြောင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက စက်ရေတွင်းတစ်တွင်းလျှင် စိုက်ဧက ၂၅ ဧကကို ရာသီမရွေး စိုက်ပျိုးရေပေးဝေ ရရှိစေနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တာလေမြို့၌ လမ်းအဆင့်မြှင့်ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**တာလေ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ စည်ပင်သာယာရေးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် အမှတ်(၄)ရပ်ကွက် (၄/၈) လမ်း၊ လွန်းကျိုင်းရွာအဝင်လမ်းနှင့် တော်ကော့-မအန်ခန်- ဖွေးဟိုင်းကျေးရွာချင်းဆက်လမ်းများ လမ်းအဆင့်မြှင့်တင် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ လွန်းကျိုင်းရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၈ သန်းဖြင့်လည်းကောင်း၊ တော်ကော့-မအန်ခန်- ဖွေးဟိုင်းကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၈ သန်းဖြင့်လည်းကောင်း အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီ၍ မြို့အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **သန်းဇော်(ပြန်/ဆက်)**




## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-


**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ ADMM-Plus EWG on CT အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာ-ရုရှား ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန် တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် စီမံကိန်းရေးဆွဲရေး အစည်းအဝေး (Middle Planning Conference) ကို ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိ Video Teleconferencing (VTC) စနစ်ဖြင့် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ဦးဆောင်ကျင်းပသည်။ (ယာပုံ)







အစည်းအဝေးတွင် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန် တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် ရုရှားနိုင်ငံမှ ပူးတွဲဥက္ကဋ္ဌ Vice-Admiral Berezovsky D.V တို့က နှုတ်ခွန်းဆက်စကားများပြောကြားပြီး အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရန် အာဆီယံနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ရုရှား၊ တရုတ်၊ အိန္ဒိယတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန် တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းအကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် ဒီဇင်ဘာ ၇**



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသား ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာစွာဖြင့် နေ့မအားညမနား ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ မိသားစုများအပေါ် လွမ်းဆွတ် သတိရသည့်စိတ်များ ခေတ္တခဏမျှ ပြေပျောက်စေရန်နှင့် စိတ်ပျော်ရွှင် ကြည်နူးစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ အဖွဲ့သူ၊ အဖွဲ့သားများက တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်း ဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေသီဆိုကပြလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြ ဖျော်ဖြေလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့ရှိ နယ်မြေခံ တပ်ရင်း ဌာနချုပ်များသို့ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ အဖွဲ့သူ၊ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည် တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်း တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင် ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပျော်ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၁၀၉ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၆၉၈၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အတွင်းရှိ ဒေသခံပြည်သူ ၈၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၂၀၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၁၃၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သံတွဲမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**သံတွဲ ဒီဇင်ဘာ ၇**

သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီမှ ကြီးမှူး၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းသန့်ကျော်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်း ဦးမျိုးဝင်းနှင့် အထက (၂) မှ အထက်တန်းပြဆရာမ ဒေါ်သူသူစိုးတို့က အားကစားနှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၏ အမှတ်အသားတံဆိပ်ကျောက်စာတိုင်ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

**မန္တလေး ဒီဇင်ဘာ ၇**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၏ အမှတ်အသားတံဆိပ်ကျောက်စာတိုင် ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို အဆိုပါတက္ကသိုလ်တွင် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းကကျင်းပရာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကေသရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်ဒေါက်တာဘဒ္ဒန္တ ကုမာရ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် (ရန်ကုန်) ဒေါက်တာဘဒ္ဒန္တဆေကိန္ဒနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ပါမောက္ခချုပ်ဆရာတော်ကြီးများနှင့် သံဃာတော်များက သာသနသဿ စ လောကဿ စသောဂါထာကို သုံးကြိမ်ရွတ်ဆိုကာ လူမှုရေးရာဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော်က အမှတ်အသား တံဆိပ်ကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပြီးနောက် ဇယန္တော ဗောဓိယာမူလေ အစရှိသော ဇယမင်္ဂလာ ဂါထာတော် နှစ်ပုဒ်ကို သုံးကြိမ်ရွတ်ဆို၍ ဖွင့်ပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ယင်းနောက် မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ရေစက်ချမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရထံမှ ငါးပါးသီလခံယူကာ ပရိတ်တရားတော်များ နာယူကြည်ညိုပြီးနောက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ရန်ကုန်) ဒေါက်တာဘဒ္ဒန္တဆေကိန္ဒမှ အနုမောဒနာတရား ချီးမြှင့်ပြီးနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရထံမှ ရေစက်သွန်းချဆုတောင်းကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အမှတ်အသားတံဆိပ် စကျင်ကျောက်စာတိုင်အား သာသနာ့တက္ကသိုလ် (မန္တလေး) စတင်တည်ထောင်သည့်နှစ်မှ စတင်၍ ယနေ့အထိ သက်တမ်းအားဖြင့် ၃၇ နှစ်ရှိပြီဖြစ်ပြီး စတင်တည်ထောင်ခဲ့သည့် ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ကျေးဇူးတရားကို အစဉ်အမြဲတမ်း အမှတ်ရရှိစေရန်၊ သာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာတည်တံ့စေရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောက်စာတိုင် အပေါ်ပိုင်း အဝိုင်းကြီးမှာ သာသနာ့တက္ကသိုလ် (မန္တလေး) စတင်တည်ထောင်သောခုနှစ် သာသနာနှစ်၊ မြန်မာနှစ်နှင့် မန္တလေးမြို့ဟုပါရှိသည့် တက္ကသိုလ်တံဆိပ်တုံးဖြစ်ကြောင်း၊ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဟူသော အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဟု အဓိပ္ပာယ်ရသည့်စာသားပါရှိကြောင်း၊ အဝိုင်းကြီး၏ အောက်တွင် ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋက ပိဋကသုံးပုံ ကိုယ်စားပြုစာအုပ် (၃) အုပ်ပါရှိကြောင်း၊ စာအုပ်၏ အောက်တွင် အဝိုင်းနှင့် စာအုပ်ကိုတင်ထားသည့် ကလပ်ဖြစ်ပြီး ကလပ်တွင်တက္ကသိုလ်စတင်အုတ်မြစ်ချသည့် ခုနှစ်နှင့် စတင် ဖွင့်လှစ်သည့်ခုနှစ်ပါရှိကာ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးထိုးသားကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

**(၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဒီဇင်ဘာ ၈ ရက်တွင် လည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၉ ရက်တွင်လည်းကောင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပမည်ဖြစ်ပြီး ညီလာခံအကြို ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦး တို့က ဆောင်ရွက်ကြသည်။** (ယာပုံ)




အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် ညီလာခံတွင်တင်သွင်းမည့် အဆိုပြုချက် ငါးခုနှင့် ပတ်သက်၍ ညီလာခံ ကိုယ်စားလှယ်များအား အဖွဲ့ငယ်များဖွဲ့စည်းပြီး အဖွဲ့အလိုက်ပါဝင်သင့်သော ပညာရှင်ကြီးများနှင့် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများကို ရွေးချယ်၍ အုပ်စုငါးစုခွဲကာ အဆိုပြုချက် တစ်ခုချင်းစီအတွက် အုပ်စုအလိုက် ဆွေးနွေးကြကာ တင်ပြဆွေးနွေးမည့် ကိုယ်စားလှယ်များကို ရွေးချယ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ညီလာခံကိုယ်စားလှယ်တော် ၂၇၈ ဦးနှင့် တာဝန်ရှိသူများသည် နေပြည်တော်ရှိ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ကျင်းပသည့် (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသည့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်း ဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းရင်းဆေး မိသားစုများအနေဖြင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတွင် မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး သုံးခန်းနှင့် စိန်တောင်စကျင်ကနုတ်ပန်း တစ်ခုအတွက် အလှူတော် ငွေကျပ်သိန်းတစ်ရာကို လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကိုယ်စားလှယ်တော်ကြီးများနှင့် တာဝန်ရှိသူများသည် အမျိုးသားပရဆေးဥယျာဉ်သို့ လေ့လာရေးခရီးစဉ်အဖြစ် ရောက်ရှိရာ ဥယျာဉ်တာဝန်ခံက ရှားပါးတိုင်းရင်းဆေးပင် မျိုးစိတ်များ၏ မျိုးရင်းများကို ထိန်းသိမ်းထားရှိပုံနှင့် ပရဆေးပင်များ စိုက်ပျိုးထိန်းသိမ်းထားရှိခြင်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ကိုယ်စားလှယ်တော်ကြီးများက အမျိုးသား ပရဆေးဥယျာဉ်အတွင်း လှည့်လည် လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့နောက် ကိုယ်စားလှယ်တော်ကြီးများနှင့် တာဝန်ရှိသူများသည် ဥပ္ပါတသန္တိစေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီးနောက် ရဋ္ဌနန္ဒက ရတနာဆင်ဖြူတော် အပါအဝင် ဆင်ဖြူတော်များနှင့် အဖော်ဆင်များထံ သွားရောက်၍ အစာအာဟာရ ကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိပ်ဖြူမြို့နယ်၌ ဆောင်းနေကြာ လျာထားချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိ

**ဆိပ်ဖြူ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ နေကြာကို စားသုံးဆီဖူလုံစေရေးအတွက် တောင်သူများက စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မိုးနေကြာကို ဧက ၂၉၂၀ စိုက်ပျိုးရန် လျာထားသည့်အနက် ၁၂၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ တောင်သူများက ရိတ်သိမ်းလျက်ရှိသည်။

ဆောင်းနေကြာကိုလည်း ဧက ၁၁၆၇၀ လျာထားသည့်အနက် စိုက်ပျိုးပြီးစီးမှု ၄၁၁၇ ဧကရှိပြီဖြစ်ကြောင်း၊ တောင်သူများအား နေကြာမျိုးကောင်းမျိုးသန့်များဖြစ်သည့် ဆင်းရွှေကြာ (၂)၊ ရေဆင်းစပ်မျိုးနေကြာ (၁) မျိုးများကို ဖြန့်ဝေထားရှိကြောင်း၊ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကွင်းတာဝန်ခံ ဝန်ထမ်းများထားရှိ၍ စိုက်ပျိုးရေးနည်းပညာများကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေကြာစိုက်ခင်း တစ်ကေလျှင် အိတ်တစ်ဝက်နှုန်းဖြင့် ယူရီးယားမြေသြဇာ တစ်အိတ်လျှင် ကျပ် ၃၆၀၀၀ နှုန်းဖြင့်လည်း ဖြန့်ဖြူးပေးနေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆီထွက်သီးနှံ မိုးနေကြာ အောင်မြင်ဖြစ်ထွန်းမှုအပေါ် စိတ်ဝင်စား၍ ဆောင်းနေကြာကို ပိုမိုစိုက်ပျိုးလာခြင်းဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# (၉၁) ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း (၉၁) ကြိမ်မြောက် ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပသည်။

ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲကို ဒီဇင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဝိနည်းစာတော်ပြန်ပွဲ ပထမနေ့ ဝင်ရောက်ဖြေဆိုကြသည့် စာချတန်း၊ အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းနှင့် မူလတန်း စာဖြေသံဃာတော်များကို ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သော ဦးမြင့်ဆွေ၏ဖခင် ငွေဇင်ယော်ဦးကြင် ကွယ်လွန်ခြင်း (၄၃) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

## ၂၀၂၅ ခုနှစ်အထိ ဝန်ကြီးချုပ်တာဝန်များကို ဆက်လက်ထမ်းဆောင်လိုကြောင်း ထိုင်းဝန်ကြီးချုပ်ပြော


ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ။

**ဘန်ကောက် ဒီဇင်ဘာ ၇**

ထိုင်းဝန်ကြီးချုပ်သည် မကြာမီ ကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲများအပြီး နောက်ထပ် နှစ်နှစ်ကြာသည့်တိုင် ဝန်ကြီးချုပ်အဖြစ် တာဝန်များ ဆက်လက်ထမ်းဆောင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်သည် နိုင်ငံ့ခေါင်းဆောင်တစ်ဦး အနေဖြင့် ၎င်း၏ အနာဂတ်နိုင်ငံရေးကို ပထမဆုံး မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ပရာယွတ်ချန်အိုချာ သည် သတင်းထောက်များကို ဒီဇင်ဘာ ၆ ရက်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ပရာယွတ်ချန်အိုချာ သည် ဝန်ကြီးချုပ်ရာထူးတွင် လာမည့် ၂၀၂၅ ခုနှစ်အထိ ဆက်လက်တာဝန် ထမ်းဆောင်လိုသေးကြောင်း ပြောကြားလိုက်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေက ခွင့်ပြုသည့် ရှစ်နှစ်ကြာသက်တမ်း ပြီးဆုံးချိန် ၂၀၂၅ ခုနှစ်အထိ တာဝန်များ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် အာဏာကို လွှဲပြောင်းပေးမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံတွင် ဒီဇင်ဘာ ၇ ရက်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူနှင့် သေဆုံးသူအများဆုံးနေ့အဖြစ် စံချိန်တင်

**တိုကျို ဒီဇင်ဘာ ၇**

ဂျပန်ကျန်းမာရေး ဝန်ကြီးဌာနက ဒီဇင်ဘာ ၇ ရက်တွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၁၄၉၃၈၃ ဦးနှင့် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၁၁ ဦးရှိကြောင်း အတည်ပြုဖော်ပြခဲ့သည်။ စက်တင်ဘာ အစောပိုင်းမှစကာ ကိုဗစ်-၁၉ ကူးစက်ခံရသူနှင့် သေဆုံးသူအများဆုံး ဖြစ်ခဲ့သည်။

ဒီဇင်ဘာ ၇ ရက်တွင် ကိုဗစ်-၁၉ ကြောင့် နေမကောင်းဖြစ်သူ ၃၄၆ ဦး ရှိသည်။ ဒီဇင်ဘာ ၆ ရက်ထက် ၁၅ ဦး ကျဆင်းခဲ့သည်။ ထို့အပြင် တိုကျို၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၄၉၄၆ ဦး ရှိသည်။ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် လွန်ခဲ့သည့် သီတင်းပတ်ထက် ၅၄၇ ဦး မြင့်တက်ခဲ့သည်။

ထို့အပြင် တိုကျိုမြို့၌ ကိုဗစ်-၁၉ ဖြင့် ၁၀ ဦး ထပ်မံသေဆုံးခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါ အပြင်းအထန်ခံစားနေရသူ ၁၉ ဦးရှိပြီး ဒီဇင်ဘာ ၆ ရက်ထက် နှစ်ဦး လျော့နည်းခဲ့သည်။

အင်န်အိတ်ချ်ကေ



ဂျပန်နိုင်ငံ တိုကျိုမြို့တစ်နေရာတွင် လမ်းသွားလမ်းလာများ ပါးစပ်နှာခေါင်းစည်း တပ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။

## ကမ္ဘောဒီးယားနိုင်ငံ၌ ယာဉ်မတော်တဆမှုများကြောင့် နေ့စဉ်ပျမ်းမျှ လေးဦးသေဆုံးဟုဆို

**ဖနောင်ပင် ဒီဇင်ဘာ ၇**

ကမ္ဘောဒီးယားနိုင်ငံ၌ ယာဉ်မတော်တဆဖြစ်ပွားမှုများကြောင့် နေ့စဉ် ပျမ်းမျှ လေးဦးထက်မနည်း သေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီး ဆာခေါင်းက ဒီဇင်ဘာ ၇ ရက်တွင် ပြောသည်။

သေဆုံးမှု၏ ၇၉ ရာခိုင်နှုန်းမှာ မော်တော်ဆိုင်ကယ်စီးနင်းသူများဖြစ်ပြီး ၎င်းတို့ထဲမှ ၇၄ ရာခိုင်နှုန်းမှာ ဆိုင်ကယ်စီးဦးထုပ် မဆောင်းသောကြောင့် ဖြစ်ကြောင်း ယာဉ်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးသူများအတွက် အောက်မေ့ဖွယ်ရာနေ့ အခမ်းအနားတွင် ဆာခေါင်းက ပြောသည်။

ထို့အပြင် ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ အဓိက အကြောင်းရင်းမှာ အရှိန်မထိန်းနိုင်ခြင်း၊ လမ်းပြောင်းပြန် မောင်းနှင်ခြင်းနှင့် ကျော်တက်မောင်းနှင်ခြင်းတို့ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပါက ဦးထုပ်ဆောင်းထားခြင်းနှင့် ခါးပတ်ပတ်ထားခြင်းက အသက်အန္တရာယ်ကို ကာကွယ်ပေးကြောင်း ပြောကြားပြီး မော်တော်ဆိုင်ကယ်စီးနင်းသူများကို ဆိုင်ကယ်စီးဦးထုပ် ဆောင်းကြရန်နှင့် ယာဉ်မောင်းသူများအား ခါးပတ်များကို မြဲမြံစွာ ပတ်ထားရန် ကမ္ဘောဒီးယားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်လည်းဖြစ်သူ ဆာခေါင်းက တောင်းဆိုထားသည်။

ကမ္ဘောဒီးယား နိုင်ငံသည် ယခုနှစ် ပထမကိုးလအတွင်း ယာဉ်မတော်တဆမှုများကြောင့် ၁၃၄၂ ဦး သေဆုံးကာ ထိခိုက်ဒဏ်ရာရရှိပြီး ပြင်းထန်သော အခြေအနေတွင်ရှိသူ ၂၀၀၄ ဦးရှိကြောင်း အမျိုးသားလမ်းဘေးအန္တရာယ် ကင်းရှင်းရေးကော်မတီက ပြောသည်။

ဆင်ဟွာ


ကမ္ဘောဒီးယားနိုင်ငံ၌ ယာဉ်မတော်တဆမှု ဖြစ်ပွားစဉ်။

## နိုင်ငံတကာခရီးသွားများထံမှ အမေရိကန်ဒေါ်လာ သန်း ၆၅၀ နယူးဇီလန်နိုင်ငံ ရရှိ

**ဝယ်လင်တန် ဒီဇင်ဘာ ၇**

ယခုနှစ် တတိယသုံးလပတ်တွင် နယူးဇီလန်နိုင်ငံသည် နိုင်ငံတကာခရီးသွားများထံမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၅၀ ရရှိခဲ့သည်ဟု သိရသည်။ နယူးဇီလန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားများထဲမှ ၆၀ ရာခိုင်နှုန်းမှာ ဩစတြေးလျနိုင်ငံသားများဖြစ်သည်။

၂၀၂၂ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ နိုင်ငံတကာခရီးသွားများကို စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ပြီး ယင်းစစ်တမ်းကို ဒီဇင်ဘာ ၇ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာမှ ခရီးသွားများသည် နယူးဇီလန်ဒေါ်လာသန်း ၂၀၀ ကျော်ကို နယူးဇီလန်နိုင်ငံတွင် သုံးစွဲခဲ့ပြီး သူငယ်ချင်းများ၊ ဆွေမျိုးများကို တွေ့ဆုံရန် လာရောက်စဉ်သုံးစွဲခဲ့ကြခြင်းဖြစ်သည်။

လေကြောင်းဝန်ဆောင်မှုပေးစွမ်းနိုင်မှုကိုလည်း မြှင့်တင်ထားပြီး နွေရာသီတွင် ၂၀၁၉ ခုနှစ်က လေကြောင်းဝန်ဆောင်မှု၏ ၇၀ ရာခိုင်နှုန်းနီးပါး ဝန်ဆောင်မှုပေးနိုင်ရန် ပြင်ဆင်ထားသည်။ နယူးဇီလန်နိုင်ငံသို့ စက်တင်ဘာလတစ်လအတွင်း၌ပင် နိုင်ငံတကာမှ ခရီးသွား ၁၅၁၀၀၀ ကျော် လာရောက်ခဲ့ပြီး ခရီးသွားလာမှုကဏ္ဍ တိုးတက်လာခြင်းဖြစ်သည်။

ဆင်ဟွာ

## နိုင်ငံခြားခရီးသွားများအတွက် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ သီရိလင်္ကာ ပယ်ဖျက်ပေးတော့မည်

**ကိုလံဘို ဒီဇင်ဘာ ၇**

နိုင်ငံရပ်ခြားမှ ရောက်ရှိလာသော ခရီးသည်များကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ပယ်ဖျက်ပေးတော့မည်ဖြစ်ကြောင်း သီရိလင်္ကာကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၇ ရက်တွင် ပြောသည်။

သို့သော်လည်း နိုင်ငံရပ်ခြားမှ ရောက်ရှိလာသော မည်သည့်ခရီးသည်မဆို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသော စာရွက်စာတမ်း အထောက်အထားပြသရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံတွင်းသို့ ရောက်ရှိလာသော နိုင်ငံခြားသား သို့မဟုတ် ခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိပါက ပုဂ္ဂလိက ဆေးရုံ၊ ဟိုတယ် သို့မဟုတ် မိမိနေထိုင်ရာနေရာ၌ ခုနစ်ရက်ကြာ သီးသန့်ခွဲခြားနေထိုင်ရမည်ဖြစ်ကြောင်းနှင့် ကုသမှု သို့မဟုတ် သီးသန့်ခွဲခြားနေထိုင်ခြင်းတို့အတွက် ကုန်ကျစရိတ်ကို ၎င်းတို့ကိုယ်တိုင် ကျခံရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး လေးကြိမ်မြောက် ထိုးနှံပေးတော့မည်

**ဒါကာ ဒီဇင်ဘာ ၇**

အသက် ၆၀ နှင့်အထက် အရွယ်ရှိသူများကို ကိုဗစ်-၁၉ ကာကွယ်ဆေး စတုတ္ထအကြိမ်မြောက် ထိုးနှံပေးတော့မည်ဟု ဘင်္ဂလားဒေ့ရှ် အစိုးရက ပြောသည်။ ရောဂါခုခံအားကို မြှင့်တင်ရန်အတွက်ရည်ရွယ်၍ စတုတ္ထအကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်နေခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂၀ ရက်မှစတင်ကာ ဒါကာမြို့ရှိ ကာကွယ်ဆေးစင်တာခုနစ်ခုတွင် လေးကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမည်ဟု ကျန်းမာရေးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးဖြစ်သူ အာမက်ဒူ ကာဘီယာ က သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။ အသက် ၆၀ နှင့်အထက်များ၊ ကျန်းမာရေးလုပ်သားများနှင့် ရောဂါအခံရှိသူများကို ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

လူပေါင်း သန်း ၂၀ ကျော်ကို ကာကွယ်ဆေးထိုးပေးနိုင်ရေး သတ်မှတ်ထားကြောင်း၊ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထက်မနည်း ထိုးနှံပြီးသူ ၁၂၆ သန်းရှိပြီး ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံပြီးသူ ၆၂ သန်းရှိသည်ဟု သိရသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် အက်ထရာဇနီကာ၊ ဆီနိုဖမ်း၊ မိုဒါးနား၊ ဖိုက်ဇာ၊ ဆီနိုဗက် နှင့် Johnson & Johnson ကာကွယ်ဆေးများကို အသုံးပြုထားသည်။ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလမှစတင်ကာ ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံအတွင်း ကာကွယ်ဆေး ထိုးနှံမှုများကို စတင်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ


# အားကောင်းသော မုန်တိုင်းငယ် မြန်မာနိုင်ငံဘက် ဦးတည်မည့်အခြေအနေ မရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်

## မုန်တိုင်းငယ်အရှိန်ကြောင့် လေပြင်းတိုက်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလား ပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းသို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၅၆၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက်ရေမိုင် ၆၈၀ ခန့်၊ သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၃၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၄၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။




### တည်နေရာ၊ ဗဟိုချက် လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါအားကောင်းသော မုန်တိုင်းငယ် သည် မြန်မာစံတော်ချိန် ၁၃:၃၀ နာရီတွင် မြောက်လတ္တီကျူ ၈ ဒသမ ၈ ဒီဂရီနှင့် အရှေ့ လောင်ဂျီကျူ ၈၅ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းခန့် ဖြစ်သည်။

### သတိပေးနှိုးဆော်ချက်

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ မွန်းလွဲမှ နောက် ၇၂နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

### အကြံပြုချက်

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

---

○ *ကျောဖုံးမှ*

စီရော်နယ်ဒိုသည် အဓိကပြိုင်ပွဲများတွင် ပေါ်တူဂီအသင်း၏ ပွဲထွက် ၁၁ ဦးမှ ချန်လှပ်ခံခဲ့ရခြင်းသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။

ဆွစ်ဇာလန်အသင်းသည် ပွဲချိန် ၁၅ မိနစ်ကျော်အထိသာ ပေါ်တူဂီအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ဟန့်တားနိုင်ခဲ့ပြီး နောက်ပိုင်းပွဲချိန်များတွင် သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည်။

### ဟက်ထရစ်ရယူနိုင်ခဲ့

စီရော်နယ်ဒို၏နေရာကို အစားထိုးဝင်ရောက်ကစားခွင့်ရရှိခဲ့သည့် ရာမို့စ်သည် ပွဲချိန် ၁၇ မိနစ်၊ ၅၁ မိနစ်နှင့် ၆၇ မိနစ်တို့တွင် ဟက်ထရစ်ရယူနိုင်ခဲ့သည်။ ရာမို့စ်၏ ဟက်ထရစ်သည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးရရှိခဲ့ခြင်းဖြစ်သည်။

### သွင်းယူပေးခဲ့

ပေါ်တူဂီအသင်းအတွက် စတုတ္ထဂိုး၊ ပဉ္စမဂိုးနှင့် ဆဋ္ဌမဂိုးများကို ပွဲချိန် ၃၃ မိနစ်၊ ၅၅ မိနစ်နှင့် မိနစ် ၉၀ တွင် ပီပီ၊ ဂွာရာရီယိုနှင့် လီယို တို့က သွင်းယူပေးခဲ့သည်။ ဆွစ်ဇာလန်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၅၈ မိနစ်တွင် အကန်ဂျီက သွင်းယူပေးခဲ့သည်။

### ယှဉ်ပြိုင်ကစား

ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် ပေါ်တူဂီအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် မော်ရိုကိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဇော်ဇော်**

---

# ထိုင်းကလပ် ဆာမတ်ပရာကန်အသင်းကို ခြေစမ်းပွဲတွင် မြန်မာအသင်း အနိုင်ရ

ရန်ကုန် ဒီဇင်ဘာ ၇

၂၀၂၂ AFF Cup ပြိုင်ပွဲအတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဒီဇင်ဘာ ၇ ရက်က ထိုင်းကလပ် ဆာမတ်ပရာကန် အသင်းနှင့် ခြေစမ်းကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။



မြန်မာ့လက်ရွေးစင်အသင်းနှင့် ဆာမတ်ပရာကန်အသင်း ခြေစမ်းကစားစဉ်။

မြန်မာ့လက်ရွေးစင် အသင်းသည် ထိုင်းကလပ် ဆာမတ်ပရာကန်အသင်းကို ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲများတွင် ရလဒ်ကောင်းနေပြီး ယခုပွဲတွင် ပြည်ပကလပ်များ၌ ကစားနေသူများကိုလည်း ထည့်သွင်းအသုံးပြုခဲ့သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ကျော်ဇင်ဖြိုး (ဂိုး)၊ ငြိမ်းချမ်း၊ ရဲမင်းသူ၊ ဟိန်းဇေယျာလင်း၊ နန္ဒကျော်၊ အောင်နိုင်ဝင်း၊ ကျော်မင်းဦး၊ ရန်နိုင်ဦး၊ ဟိန်းထက်အောင်၊ မြတ်ကောင်းခန့်၊ ဝင်းနိုင်ထွန်းတို့ကို အသုံးပြုခဲ့သည်။

မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်အသားပေးကစားခဲ့ပြီး ၂၇ မိနစ်တွင် ကွင်းလယ် ကစားသမား အောင်နိုင်ဝင်းက အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားလာနိုင်ပြီး ၃၂ မိနစ်တွင် မြတ်ကောင်းခန့်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်မြန်မာအသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ယှဉ်ပြိုင်ကစားခဲ့သည်။ ဒုတိယပိုင်းတွင် ဆာမတ်ပရာကန် အသင်းက ချေပဂိုးရရန် ပြန်လည်ကြိုးပမ်းလာပြီး အခွင့်အရေးများ ပြန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၆၂ မိနစ်တွင် လှိုင်းဘိုဘို၏ အဝေးကန်ချက် ဘားထိထွက်ခဲ့သဖြင့် တတိယဂိုးနှင့် လွဲချော်ခဲ့ရသည်။

မြန်မာအသင်းသည် နိုဝင်ဘာ ၂၉ ရက်က ကစားသည့် ပထမ ခြေစမ်းပွဲတွင် ထိုင်းကလပ် ချောင်ဘူရီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

မြန်မာအသင်းသည် ထိုင်းခရီးစဉ် နောက်ဆုံး ခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၁၁ ရက်တွင် ထိုင်းလက်ရွေးစင် အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ- MFF**

---

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် အသက်(၁၄)နှစ်အောက် နိုင်ငံတကာလူငယ်တင်းနစ်ပြိုင်ပွဲသို့ မြန်မာတင်းနစ်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်



လူငယ်လက်ရွေးစင်အားကစားသမားများ လေ့ကျင့်စဉ်။

ရန်ကုန် ဒီဇင်ဘာ ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိမ်ရှင်အဖြစ်၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင်ကျင်းပမည့် အသက်(၁၄)နှစ်အောက် နိုင်ငံတကာလူငယ်တင်းနစ်ပြိုင်ပွဲသို့ မြန်မာတင်းနစ် အားကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ သိရသည်။

“ဘင်္ဂလားဒေ့ရှ်မှာလုပ်မယ့် ပွဲက U-14 လူငယ်ပြိုင်ပွဲပါ။ အဲဒီပွဲက နှစ်စဉ်လုပ်ပါတယ်။ ဒီနှစ်ဝင်ပြိုင်ဖို့အတွက် လူရွေးပွဲကို မကြာခင် ပြုလုပ်မှာဖြစ်ပါတယ်။ အဲဒီလူရွေးပွဲကမှ ယောကျ်ားလေးနှစ်ယောက်နဲ့ မိန်းကလေးနှစ်ယောက်ကို စေလွှတ်ယှဉ်ပြိုင်စေမှာ ဖြစ်ပါတယ်” ဟု လူငယ်တင်းနစ်ပြိုင်ပွဲ ကျင်းပရေးတာဝန်ရှိသူ ဦးသိန်းအောင်က ပြောသည်။

### သုံးမျိုးပါဝင်မည်

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စေလွှတ်ယှဉ်ပြိုင်မည့် လူငယ်အားကစားသမား လူရွေးချယ်ပွဲကို ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ပြုလုပ်မည်ဖြစ်ပြီး တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပြိုင်ပွဲကိုလည်း ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ပြုလုပ်မည်ဖြစ်ကာ ယင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပြိုင်ပွဲတွင် အေကလပ်၊ ဘီကလပ်နှင့် အမျိုးသမီး ပြိုင်ပွဲအမျိုးအစား သုံးမျိုးပါဝင်မည်ဖြစ်ကြောင်း သိရသည်။

### ဖွင့်သင်ကြားပေးလျက်ရှိ

လက်ရှိတွင် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အသစ်မှ ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လက်ရွေးစင် တင်းနစ်ကစားသမားများ ပုံမှန်လေ့ကျင့်လျက်ရှိကြပြီး တင်းနစ်ပြိုင်ပွဲများတွင် မှန်ကန်စွာ အမှတ်ပေးနိုင်ရေး၊ အမှတ်ပေး စည်းမျဉ်းစည်းကမ်း၊ ဥပဒေနှင့် ဒိုင်တာဝန်ထမ်းဆောင်ရမည့်သူများ သိရှိလိုက်နာရမည့် အချက်များအတွက် သုံးရက်တာဒိုင်သင်တန်းကိုလည်း ယနေ့နံနက်ပိုင်းမှ ဒီဇင်ဘာ ၉ ရက်အထိ ဖွင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**အာကာစိုး၊ ဓာတ်ပုံ-တင်စိုး**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦးတွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၀၉,၂၇၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၃၆၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၉၀၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၆-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၈၉,၂၁၂) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၆၈,၉၁၆) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၆-၁၂-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၈၉,၂၁၂ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၆၈,၉၁၆ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၂) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၆၅ | ၁၉၁၀ | ၁၉၀၅ | ၁၈၇၀ | ၁၉၁၀ | ၁၉၃၀ | ၁၉၁၅ | ၁၈၉၅ | ၁၉၉၀ | ၂၀၀၅ | ၁၉၀၀ | ၁၉၁၀ | ၁၉၄၅ | ၁၉၄၅ | ၁၉၄၅ | ၂၁၆၅ | ၂၉၂၀ |
| 95 Ron | ၁၉၆၀ | ၂၀၀၅ | ၂၀၀၅ | ၁၉၇၀ | ၂၀၀၅ | ၂၀၂၅ | ၂၀၁၅ | ၁၉၉၀ | ၂၀၈၅ | ၂၁၀၀ | ၁၉၉၅ | ၂၀၁၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၄၅ | ၂၂၆၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၃၅ | ၂၂၃၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၀ | ၂၂၇၅ | ၂၂၈၀ | ၂၅၀၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၈၀ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၀ | ၂၃၅၅ | ၂၃၅၅ | ၂၅၇၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၈၀ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၀ | ၂၃၅၅ | ၂၃၅၅ | ၂၅၇၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၆၈ | ၁၈၃၇ |
| 95 Ron | ၁၈၆၂ | ၁၉၃၃ |
| HSD (500 ppm) | ၂၀၉၁ | ၂၁၆၂ |
| HSD (50 ppm) | ၂၁၆၄ | ၂၂၃၇ |
| HSD (10 ppm) | ၂၁၆၄ | ၂၂၃၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကျေးရွာထုတ်ကုန် တိုးမြှင့်ဖို့ ဈေးကွက်ရှာဖွေ ဖန်တီးစို့

ညိုညိုဝင်း(ကျေးလက်ဦးစီး)

**မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၀၀၀ ကျော်ရှိပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ဒသမ ၄ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပါသည်။ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် မြန်မာနေထိုင်မှုအခြေအနေ စစ်တမ်း၂၀၁၇ အရ ကျေးလက်လူဦးရေ၏ ၃၀ ဒသမ ၂ ရာခိုင်နှုန်းဖြစ်သော ၁၁ ဒသမ ၂ သန်းခန့်သည် ဆင်းရဲနွမ်းပါးသူများဖြစ်ကြပါသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ အတွေ့အကြုံများအရ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများသာမက မိသားစုဝင်ငွေတိုးပွားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စရပ်များကို ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။**

စဉ်ဆက်မပြတ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဦးစီးဌာနဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ခြင်းသည် လွန်စွာအဓိကကျပါသည်။ စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ပြည့်စုံကောင်းမွန်အောင် တည်ဆောက်ပြီးပါက ရေရှည်တည်တံ့ ခိုင်မြဲမည့် ကျေးလက်အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်၍ ထုတ်ကုန်များ ဈေးကွက်အရောက် ပို့ဆောင်နိုင်မှသာ ရေရှည်တည်တံ့သည့် စဉ်ဆက်မပြတ် ကျေးလက်ဖွံ့ဖြိုးရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်း အမျိုးအစားရွေးချယ်ရာတွင် အောက်ပါအချက်များကို အဓိကထည့်သွင်းစဉ်းစားသင့်ပေသည် -

(၁) ဒေသထွက် ကုန်ကြမ်းရရှိနိုင်မှု
(၂) နည်းပညာ
(၃) အရင်းအနှီးရရှိနိုင်မှု
(၄) ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်
(၅) ကျွမ်းကျင်လုပ်သားရရှိနိုင်မှု
(၆) အမြတ်အစွန်းရရှိနိုင်မှု
(၇) ဈေးကွက်နှင့် ချိတ်ဆက်နိုင်မှု
(၈) အလုပ်အကိုင်ရရှိနိုင်မှု
(၉) ကိုယ်ပိုင်လုပ်ငန်း ဆောင်ရွက်ရန် အလားအလာရှိမှု
(၁၀) တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှု
(၁၁) ထုတ်ကုန်များ ထုတ်လုပ်ပြီးပါက ထုတ်ကုန်များ ရောင်းချနိုင်မည့် ဈေးကွက်ရရှိမှု



အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နေပြည်တော်၌ ဖွင့်လှစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းတစ်ခု။

> **“အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ချေးယူနိုင်သည်ဟု ဆိုသော်ငြားလည်း အဆိုပါဘဏ်များ၏ ငွေချေးယူရန်လိုအပ်သည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီရန်မှာ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များအတွက် ခက်ခဲလျက်ရှိသဖြင့် လုပ်ငန်းရှင်များဆောင်ရွက်နိုင်သည့် စံသတ်မှတ်ချက်များသို့ ပြင်ဆင်သတ်မှတ်ပေးနိုင်ရေး သမဝါယမဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် လက်အောက်ရှိဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်”**

## ရည်ရွယ်ဖွင့်လှစ်

အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရာတွင် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်လာစေရန်၊ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသနှင့် ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများပေါ်များသည့် အသက်မွေးပညာရရှိပြီး လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန်၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းစီးပွားရေးလုပ်ငန်းများမှသည် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ရရှိလာမည့် အကျိုးကျေးဇူးများ

အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းအားဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာခြင်း၊ မိသားစုဝင်ငွေ တိုးပွားလာခြင်း၊ ဒေသနှင့် ကိုက်ညီမှုရှိသော အလုပ်အကိုင်အခွင့်အလမ်းများကို တိုက်ရိုက်ဝင်ရောက် လုပ်ကိုင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်လာခြင်း၊ နည်းပညာနှင့် ကျွမ်းကျင်မှုကို လက်ဆင့်ကမ်းမျှဝေနိုင်ခြင်း၊ အိမ်တွင်း စီးပွားရေးအဖြစ် မိသားစုတစ်နိုင်တစ်ပိုင် လုပ်ကိုင်နိုင်ခြင်း၊ အသေးစား/အလတ်စား စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်း၊ နိုင်ငံ၏ ကုန်ထုတ်စွမ်းအား၊ စီးပွားရေးနှင့် ဝင်ငွေမြှင့်တင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။

## အလားအလာရှိသော ကျေးရွာများအား ရွေးချယ်မှု

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၀၀၀ ကျော်ရှိသည့်အနက် နိုင်ငံတော်၏ ဘတ်ဂျက်အခြေအနေအရ တစ်နိုင်ငံလုံး တစ်ပြိုင်တည်းဆောင်ရွက်၍ မရနိုင်သဖြင့် နှစ်အလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မြှင့်တင်ရေးကို ဦးစားပေး ရွေးချယ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေသ၏ ကုန်ကြမ်းရရှိနိုင်မှုအပေါ်မူတည်၍ ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု ဦးတည်၍ လက်ရှိဆောင်ရွက်နေသည့် ကျေးရွာတစ်ရွာချင်း ကုန်ပစ္စည်းတစ်မျိုးကို ကျွမ်းကျင်သူအများစုမှ အရေအတွက်များစွာ ထုတ်လုပ်သည့် လုပ်ငန်းများ၊ ကျေးရွာများကို ဦးစားပေးရွေးချယ်ရမည်ဖြစ်ပါသည်။

မိမိအနေဖြင့် ၂၀၀၅ ခုနှစ်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ One Tambon One Product ဆောင်ရွက်မှုကို သွားရောက်လေ့လာရာတွင် Target area ထားရှိပြီး ဘဏ္ဍာနှစ်အလိုက် ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

အလားတူစွာ အခြားနိုင်ငံများတွင်လည်း ကမ္ဘာ့သမိုင်းဝင်နေရာများတွင် Tourism Village များ တည်ဆောက်ကာ ဒေသထွက်ပစ္စည်းများ ရောင်းချပြီး နိုင်ငံခြားသားများအား ဆွဲဆောင်ခြင်း၊ မိမိလူမျိုးဓလေ့ထုံးတမ်းစဉ်လာများ လက်တွေ့အနီးကပ်လေ့လာနိုင်ရန် Traditional Tourism Village များတည်ဆောက်ကာ ဒေသထုတ်ကုန်အမျိုးမျိုး ခင်းကျင်းပြသရောင်းချလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရေးအတွက် အလားအလာရှိသော ကျေးရွာရွေးချယ်ရေးသည် လွန်စွာအရေးပါလှသည်။

## နည်းပညာ တီထွင်ဆန်းသစ်ခြင်း

နိုင်ငံတကာရှိ အိမ်တွင်းစက်မှုလက်မှုဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး အိမ်တွင်းစက်မှုလက်မှုနည်းပညာ နှီးနှောဖလှယ်ပွဲများ ကျင်းပပေးခြင်း၊ တက်ရောက်စေခြင်းဖြင့် အိမ်တွင်းစက်မှုလက်မှုနည်းပညာကို ဆန်းသစ်မြှင့်တင်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးရန်အထိ မျှော်မှန်းထားရပါမည်။

ထို့ပြင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သည့်နည်းပညာများကို စူးစမ်းရှာဖွေလေ့လာဖော်ထုတ်ခြင်း၊ အထောက်အကူပြုပစ္စည်းများ တီထွင်ဖန်တီးပေးခြင်းများလည်း ပါဝင်လျက်ရှိရာ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့အပြင် အခြားဆက်စပ်ဌာနများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

## မတည်ရင်းနှီးငွေ ထူထောင်ပေးခြင်း

အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ချေးယူနိုင်သည်ဟုဆိုသော်ငြားလည်း အဆိုပါဘဏ်များ၏ ငွေချေးယူရန်လိုအပ်သည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီရန်မှာ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များအတွက် ခက်ခဲလျက်ရှိသဖြင့် လုပ်ငန်းရှင်များဆောင်ရွက်နိုင်သည့် စံသတ်မှတ်ချက်များသို့ ပြင်ဆင်သတ်မှတ်ပေးနိုင်ရေး သမဝါယမဦးစီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် လက်အောက်ရှိဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ (INGOs) စသည့် အသေးစားငွေစုငွေချေးအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း(MSY)၊ မတည်ရန်ပုံငွေစီမံကိန်းများ (VRFP)နှင့်လည်း ပိုမိုအလေးထား ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

လတ်တလောတွင် နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအဖြစ် ကျပ်ဘီလီယံ ၄၀၀ လျာထားသတ်မှတ်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ မတည်ထောက်ပံ့ငွေ ထုတ်ပေးဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

## ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်

စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များအတွက် ကုန်ကြမ်းရရှိနိုင်မှု အရေးကြီးသကဲ့သို့ ယင်းကုန်ကြမ်းများကုန်ချောအဖြစ် ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်အတွက် ကုန်ကျစရိတ်များလည်း ကြိုတင်တွက်ချက်ရန် လိုအပ်ပေသည်။ ယင်းသည် ကျွမ်းကျင်လုပ်သား ရရှိနိုင်မှုနှင့်လည်း ဆက်စပ်နေပေသည်။ ကျွမ်းကျင်လုပ်သား အလွယ်တကူမရရှိနိုင်ပါက ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားပေမည်။

## အမြတ်အစွန်းရရှိနိုင်မှု

ကုန်ကြမ်းအလွယ်တကူ ရရှိနိုင်မှု၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာမှု၊ ကျွမ်းကျင်လုပ်သား အလွယ်တကူရရှိနိုင်မှုတို့သည် အမြတ်အစွန်းရရှိနိုင်မှုနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ထို့ပြင် ငွေကြေးအရင်းအနှီး မတည်ငွေ အတိုးနှုန်းသက်သာစွာဖြင့် ရရှိနိုင်မှုသည်လည်း အမြတ်အစွန်းရရှိနိုင်မှုကို ဖြစ်ပေါ်စေသည်။ အဆိုပါအချက်များအပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရွေးချယ်ရာ၌ အဓိကစဉ်းစားရမည့်အချက်မှာ ဈေးကွက်ရရှိအောင် ချိတ်ဆက်ပေးခြင်းဖြစ်ပါသည်။

## ဈေးကွက်ရှာဖွေဖန်တီးရေး

နိုင်ငံတစ်ဝန်း နှစ်စဉ်ကျင်းပလျက်ရှိသည့် ရာသီအလိုက် ဘုရားပွဲ၊ နတ်ပွဲ၊ *စာမျက်နှာ ၁၇ သို့*

# မချမ်းဘော့မြို့၏ အထင်ကရ ဂူဘားဧည့်ရိပ်သာသို့ လည်ပတ်သူများ စဉ်ဆက်မပြတ်လာရောက်

**မချမ်းဘော့ ဒီဇင်ဘာ ၇**

ကချင်ပြည်နယ် မချမ်းဘော့မြို့ အမှတ် (၃) ရပ်ကွက် မလိခ မြစ်ကမ်းနံဘေး၌ တည်ရှိသော ဂူဘားဧည့်ရိပ်သာသို့ လာရောက်လည်ပတ်လေ့လာသူများ၊ အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးသူများ စဉ်ဆက်မပြတ် စည်ကားလျက်ရှိကြောင်း သိရသည်။




အဆိုပါ ဂူဘားဧည့်ရိပ်သာသည် ၁၉၅၆-၁၉၅၈ ခုနှစ်များတွင် မြန်မာ - တရုတ် နယ်ခြားကျောက်တိုင်များ သတ်မှတ်စိုက်ထူရန် ဘဘစစ်ဆင်ရေး (Burma Border Operation) နှင့် ယိမ်းနွဲ့ပါးစစ်ဆင်ရေးဟူသော အမည်ဖြင့် နယ်စပ်ဒေသ လေ့လာရေးစစ်ကြောင်းများ အပြီးတွင် ပူတာအိုအရှေ့ နယ်ခြားခရိုင် သတ်မှတ်ပြီး မချမ်းဘော့ရွာကို မချမ်းဘော့ မြို့အဆင့်တိုးမြှင့်၍ နယ်ခြားခရိုင် ဝန်ရုံးစိုက်ပြီး နယ်ခြားဒေသ အုပ်ချုပ်ရေးကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ချိန်တွင် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် နိုင်ငံတော်က အရာရှိကြီးများတည်းခိုနိုင်ရန် တည်ဆောက်ခဲ့သော ဧည့်ရိပ်သာဖြစ်သည်။ ဂူဘား၏ အဓိပ္ပာယ်မှာ နောင်မွန်မြို့နယ်မေခမြစ်ဖျားရှိ ဂူဘားရွာကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း သိရသည်။

ဂူဘားဧည့်ရိပ်သာကို ၁၉၅၉-၁၉၆၀ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုငွေကျပ် ၂၀၀၀၀ ဖြင့် ဆောက်လုပ်ပြီး တစ်ထပ်တိုက်ပုံစံဆောက်လုပ်ထားကာ အောက်ထပ်၌စားသောက်ခန်း၊ ချက်ပြုတ်ခန်း၊ အိပ်ခန်းများပါဝင်သည်။ အပေါ်ထပ်တွင် ရှုခင်းဝရန်တာ၊ ဧည့်ခန်း၊ VIPအိပ်ခန်းနှင့် ထမင်းစားခန်းများဖြင့် စနစ်တကျဆောက်လုပ်ထားပြီး အသုံးပြုသော အိပ်ရာ၊ ပစ္စည်း၊ ခုတင်၊ ဗီရိုနှင့် အိုးခွက်ပန်းကန် အသုံးအဆောင်ပစ္စည်းများသည် ထိုခေတ်၊ ထိုအခါ ကတည်းက စင်ကာပူနိုင်ငံမှ တိုက်ရိုက်မှာယူတင်သွင်းသော ပစ္စည်းများဖြစ်ကြောင်းလည်း သိရသည်။

ဂူဘားဧည့်ရိပ်သာတွင် နိုင်ငံ့အကြီးအကဲများ၊ နိုင်ငံခြားသံတမန်များ၊ စာရေးဆရာကြီးများနှင့် အထူးဧည့်သည်တော်များက ဂူဘားဧည့်မှတ်တမ်းတွင် ရှုထောင့်အမျိုးမျိုးဖြင့် ရေးသားထားသောခံစားချက်၊ အကြံပြုချက်များကိုလည်း စိတ်ဝင်စားစွာ ဖတ်ရှုနိုင်ကြောင်း သိရသည်။

ယခုလို ပွင့်လင်းရာသီဖြစ်သော ဆောင်းရာသီကာလတွင် ခရီးသွားဧည့်သည်များ၊ လာရောက်လည်ပတ်သူများသည် ဆိုင်ကယ်များ၊ ကားများဖြင့် လာရောက်လည်ပတ်လျက်ရှိပြီး မချမ်းဘော့ကို ရောက်သူတိုင်း ဂူဘားဧည့်ရိပ်သာသို့ လာရောက်ကြလေ့ရှိကြောင်း လာရောက်လည်ပတ်သူတစ်ဦးက ပြောသည်။**ယောရွှေနီ(မချမ်းဘော့)**

## “မြန်မာဂန္ထဝင်ရနံ့ လက်ရွေးစင်ကဗျာများ” စာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာရေးဆရာ ကျော်သက်ခိုင်(မုံရွာ)၏ “မြန်မာဂန္ထဝင်ရနံ့ လက်ရွေးစင်ကဗျာများ”စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် အမြို့မြို့ အနယ်နယ်အရပ်ရပ်ရှိ ဘုရားစေတီ ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားများ၊ ဘွဲ့တံဆိပ်ရဆရာတော်၊ သံဃာတော်များ၏ ဂုဏာဝိသိဋ္ဌ ပူဇော မင်္ဂလာအခမ်းအနားများ၊ ပန္နက်ချ အုတ်မြစ်စီမင်္ဂလာ၊ ကျောင်းလွှတ်ပူဇောမင်္ဂလာအခမ်းအနားများ၊ ငွေရတု၊ ရွှေရတု၊ စိန်ရတု၊ ရာပြည့်နှစ်မွေးနေ့ဝိဇာတမင်္ဂလာနှင့် ကျောင်းတိုက်တည်မင်္ဂလာ အခမ်းအနားများ၊ ဖွင့်ပွဲမင်္ဂလာများ၊ ရှင်ပြုနားသအလှူမင်္ဂလာများ၊ သာခုကိဋ္ဌနသဘင်များနှင့် အခြားမြန်မာ့ယဉ်ကျေးမှုဆိုင်ရာ မင်္ဂလာအခမ်းအနားများတွင် ဂုဏ်ပြုရည်ညွှန်းရေးသားပူဇော်ခဲ့သော ရတု၊ တေးထပ်၊ ကောင်းကင်ကြိုး၊ လူးတား၊ သိင်္ဂါသံ၊ စည်တော်သံ၊ ဗုံထောက်သံ၊ လှေတော်သံ၊ လှေလှော်သံ၊ သံချပ်၊ ဗုံကြီးသံ၊ ရှစ်လုံးဖွဲ့နှင့် လေးချိုးကြီးကဗျာများပါဝင်သည့်အပြင် ရှားရှားပါးပါး တွေ့ရခဲသော သုံးထပ်ကျော့စာထောင့် မဟာကဗျာလေးချိုးကြီး အဖွဲ့အနွဲ့များလည်းပါဝင်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ်၄၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ်(တ-၅၅)သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်ဆည်မြို့အထ.က(၂)၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၇**

လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၆ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေသရဖီခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးညွန့်ဝင်းက အမှာစကား ပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား ကျောင်းသူများအနေဖြင့် ဗလငါးတန် ဖွံ့ဖြိုးရေး၊ စဉ်းစားတွေးခေါ်မှုမြင့်မားရေး၊ ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ပြုလုပ်ခဲ့ရာ Grade-8 တန်းမှ ကျောင်းသား ကျောင်းသူများက ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

မီးပုံးပျံပွဲစသည့် ပွဲတော်များတွင် နိုင်ငံအနှံ့ပြည်သူများ လာရောက်လည်ပတ်လျက်ရှိပါသည်။ ပွဲတော်ဈေးတန်းများတွင် နိုင်ငံအနှံ့မှ ဒေသထွက်ကုန်မျိုးစုံကို လာရောက်ရောင်းချလေ့ရှိပြီး ကျေးလက်ပြည်သူအများစုမှာ ပွဲတော်အချိန်ရောက်မှ လိုအပ်သည့် ပစ္စည်းများကို စုပုံဝယ်ယူခြင်း၊ ဘုရားဖူးများ လာရောက်လည်ပတ်သူများကလည်း မိမိတို့ ဒေသတွင်ရှားပါးသည့် ကုန်ပစ္စည်းများကို ဝယ်ယူသွားခြင်း အလေ့အထများရှိပါသည်။

အဆိုပါ ပွဲတော်ဈေးတန်းများတွင် နိုင်ငံအနှံ့မှ အိမ်တွင်းစက်မှုလက်မှုထုတ်ကုန်များကို လုပ်ငန်းတူအစုအဖွဲ့များအလိုက် ပြသရောင်းချပြီး ဈေးကွက်မြှင့်တင်နိုင်ရေး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ ချိတ်ဆက်ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ထုတ်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံကဲ့သို့ OTOP City သီးခြားဖွင့်လှစ်၍ စုပေါင်းရောင်းချပေးခြင်း၊ OTOP City သို့ ခရီးသွားဧည့်သည်များလာရောက်လည်ပတ်နိုင်ရေး Tourism နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လေယာဉ်ကွင်းများနှင့်ဟိုတယ်များတွင်လည်း OTOP ရိုးရာပစ္စည်းများ အလွယ်တကူဝယ်ယူနိုင်ရန်အတွက် ဈေးကွက်များ ဖန်တီး၍ ရောင်းချပေးခြင်းများ ဆောင်ရွက်နိုင်ပါသည်။

လက်ရှိအချိန်တွင် ကျေးလက်နေပြည်သူအများစုအနေဖြင့် လက်ကိုင်ဖုန်းများဖြင့် Social Media (Facebook)ကို အသုံးပြုနိုင်ပြီဖြစ်ရာ Online (Facebook) မှတစ်ဆင့် ကျေးလက် အိမ်တွင်းစက်မှုလက်မှုထုတ်ကုန်များ ရောင်းချနည်းသင်တန်းကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး ပူးပေါင်းဖွင့်လှစ်၍ နည်းလမ်းများ ပြသဆောင်ရွက်ပေးသင့်ပါသည်။

အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းရှင်များက ဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားအခြေအနေများ သိရှိနိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် သုတေသနဌာနခွဲ/စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

မိမိတို့နိုင်ငံအတွင်း ထုတ်လုပ်သည့် အိမ်တွင်းစက်မှုလက်မှု ထွက်ကုန်ပစ္စည်းများကို အားပေး၍ နိုင်ငံခြားမှ တင်သွင်းမှုများကို ကန့်သတ်/ထိန်းချုပ်ပေးရေးဆောင်ရွက်ရန် လိုအပ်ပါသည်။

သီးနှံထွက်ရှိရာနေရာများမှ သိုလှောင်မည့်နေရာ၊ ကုန်စည်ဒိုင်နေရာများသို့ ပို့ဆောင်ရန် ကုန်ထုတ်လမ်းများကောင်းမွန်ရေး ပိုမိုဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

စိုက်ပျိုးထုတ်ကုန်ဈေးကွက် ခိုင်မာရေးအတွက် တစ်နိုင်ငံလုံးရှိ ကုန်စည်ဒိုင်များ၏ ထွက်ပေါ်လာသော ဈေးနှုန်းသတင်းအချက်အလက်များကို တောင်သူများ သိရှိအောင် ဆောင်ရွက်ပေးနိုင်ရေး Viber Group, Messanger Group များဖြင့် အချိန်နှင့်တစ်ပြေးညီသိရှိအောင် ကူညီဆောင်ရွက်ပေးသင့်ပါသည်။

ဝယ်လိုအားနှင့် ရောင်းလိုအားဈေးကွက်ကို ချိန်ဆပြီး အစုအဖွဲ့များစုဖွဲ့၍ ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ စိုက်ပျိုးရေးထုတ်ကုန်နှင့် ပတ်သက်၍ ဈေးကွက်ဖော်ဆောင်ရန် သက်ဆိုင်ရာဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သင့်ပါသည်။

### ကုန်ပစ္စည်းသိုလှောင်ရေး

အဆင့်မီသိုလှောင်ရုံများတွင် သိုလှောင်နိုင်ရေး လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဦးစီးဌာနများ၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

### စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေး

အသက်မွေးဝမ်းကျောင်းလုပ်ငန်း အမျိုးအစားများရွေးချယ်ပြီးပါက အဆိုပါ လုပ်ငန်းများအတွက် လိုအပ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ရွေးချယ်ပြီး သင်တန်းများဖွင့်လှစ်ပေးကာ လုပ်ငန်းအမျိုးအစားအလိုက် ကိုယ်ပိုင်လုပ်ငန်း ဆောင်ရွက်ခြင်း၊ အစုအဖွဲ့ဖြင့် ဆောင်ရွက်ခြင်း၊ သမဝါယမအသင်းများစုဖွဲ့ဆောင်ရွက်ခြင်း၊ ကုမ္ပဏီများ၊ အစုစပ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း စသည်တို့အထိ စောင့်ကြည့်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် ဈေးကွက်များ ချိတ်ဆက် ဆောင်ရွက်ပေးခြင်းတို့ဖြင့် စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအထိ ဦးတည်၍ သက်ဆိုင်ရာဌာနများ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြရပါမည်။

### အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရေး

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် MSME လုပ်ငန်းများ အားကောင်းအောင် ဆောင်ရွက်ပြီး နိုင်ငံခြားဝင်ငွေစီးဝင်လာအောင် ကြိုးစားဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)များတိုးတက်အောင် အားပေး၍ ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရာ၌ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများရွေးချယ်၍ သင်တန်းများပေးကာ လုပ်ငန်းများဆောင်ရွက်ရန် ဈေးကွက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ချိတ်ဆက်၍ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအထိ ရည်မှန်းချက်ထားရှိကာ သက်ဆိုင်ရာဌာနများ၊ ကျေးလက်နေပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ။

## နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်အကောက်များ အပြည့်အဝရရှိရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်



**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၀/၂၀၂၂)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၆ ရက်က ကျင်းပသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၉/၂၀၂၂) ၏ ဆုံးဖြတ်ချက်များအပေါ်ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက ကြီးကြပ်ကွပ်ကဲမှုအောက်ရှိဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ၊ သတ်မှတ်ဘဏ္ဍာနှစ်အတွင်းပြီးစီးရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အကောက်များ အပြည့်အဝရရှိရေး တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ ကိုဗစ် - ၁၉ ရောဂါထပ်ဆောင်း ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း(၆၆/၆)ပုံစံများကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဌာနဆိုင်ရာများ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးရန်၊ နိုင်ငံတော်ပိုင်မြေနှင့် ဝန်ကြီးဌာန၏အဆောက်အအုံများ၊ ဌာနပိုင်မြေများ လမ်းနယ်နိမိတ်များတွင် ကျူးကျော်နေထိုင်မှုများမရှိစေရေး အသိပေးဆိုင်းဘုတ်ထောင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းတို့ဆောင်ရွက်ပြီး တစ်တဲကျူး တစ်တဲဖျက်စနစ်ဖြင့် မျက်ခြည်မပြတ်ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဖယ်ရှားရှင်းလင်းရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## မိုင်းခုတ်မြို့၌ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းရာသီသီးနှံစုံ ၅၆၄ ဧကစိုက်ပျိုးပြီးစီး

**မိုင်းခုတ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့၌ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းရာသီသီးနှံစုံ ၅၆၄ ဧကစိုက်ပျိုးပြီးစီးကြောင်း မြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ နိုဝင်ဘာလကုန်အထိ စာရင်းများအရ သိရသည်။

မိုင်းခုတ်မြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအဖြစ် အဓိကထားလုပ်ကိုင်လျက်ရှိရာ ယခုနှစ် ဆောင်းရာသီ၌ အစေ့ထုတ်ပြောင်း၇၄ဧက၊ ဖူးစားပြောင်း၂၉ဧက၊ မြေပဲ၁၂ဧက၊ ပဲပုတ်၁၄၁ဧက၊ အခြားပဲ ၄၂ ဧက၊ ငရုတ်စို ၁၅ ဧက၊ ငရုတ်ခြောက် ၃၈ ဧက၊ အာလူး၂၉ ဧကနှင့် အခြားဟင်းသီးဟင်းရွက်၁၈၄ ဧက စုစုပေါင်း ဆောင်းရာသီသီးနှံစုံ ၅၆၄ ဧက စိုက်ပျိုးပြီးစီးကြောင်း မြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ သိရသည်။

အဆိုပါ သီးနှံများ အထွက်နှုန်းတိုးစေရေးနှင့် လိုအပ်သည့် စိုက်ပျိုးနည်းစနစ်များကို မြို့စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ ၂၀၂၂ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ကျိုင်းတုံ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၂ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကျိုင်းတုံခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင်-၂ ဦးမင်းညိုက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်က ခုခံအားကျဆင်းမှုကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားအောင် ကျန်းမာရေးဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ကင်းဝေးသောအနာဂတ်ကို ဖော်ဆောင်ရာတွင် ကုသရေး ဝန်ဆောင်မှုများကို လူတိုင်းတမ်းတူညီမျှလက်လှမ်းမီရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါကာကွယ်ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ ဉာဏ်စမ်းပဟေဠိဖြေဆိုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ဘိုကလေးပညာရေးဒီဂရီကောလိပ် ပထမနှစ်(ပထမနှစ်ဝက်) သင်တန်းဖွင့်

**ဘိုကလေး ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘိုကလေးပညာရေး ဒီဂရီကောလိပ် ပညာဂုဏ်ရည်ခန်းမ၌ လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် ပထမနှစ် (ပထမနှစ်ဝက်)သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းက သင်တန်းသား သင်တန်းသူများအနေဖြင့် တိုးတက်ပြောင်းလဲလာသည့် ပညာရေးကို မျက်ခြည်မပြတ်စေရေး အစဉ်လေ့လာသင်ယူရန် လိုအပ်ကြောင်း၊ စည်းကမ်းပြည့်ဝပြီး သန့်ရှင်းတည်ငြိမ်စွာဖြင့် နေထိုင်ပြုမူကြရန် အမှာစကားပြောကြားသည်။

ထို့နောက်သင်တန်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သော ငွေကျပ်ငါးသိန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်ထံပေးအပ်သည်။ အဆိုပါသို့ သင်တန်းသား သင်တန်းသူ ၁၅၆ ဦး တက်ရောက်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ရခိုင်ပြည်နယ် မောင်တောမြို့၌ မြေပြင်လူဦးရေစာရင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံမှန်ကန်ရေးဆောင်ရွက်

**မောင်တော ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်းနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၆ ရက်က (၄)မိုင်ရပ်ကွက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးကံထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ရှိန်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ (၄) မိုင်ရပ်ကွက်တွင် အခြေခံအိမ်ထောင်စုစာရင်းရှိ လူဦးရေနှင့်မြေပြင်တွင် အမှန်တကယ်နေထိုင်မှု ရှိ မရှိ တိုက်ဆိုင်စစ်ဆေးခြင်းများကို ကွင်းဆင်း ဆောင်ရွက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဟိုပုံးမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်း ကျင်းပ

**ဟိုပုံး ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၅ ရက်က အခြေခံပညာအထက်တန်းကျောင်း (အ.ထ.က-၁)၌ ပြုလုပ်သည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း(အ.ထ.က-၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းနွဲ့က အမှာစကားပြောကြားပြီးနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းက လူငယ်များအတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးမြှင့်တင်ပေးရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စကားပြောအတတ်ပညာများ ကျွမ်းကျင်တတ်မြောက်ပြီး လူအများရှေ့တွင် ရဲဝံ့စွာစကား ပြောဆိုတတ်စေရန်၊ လူငယ်အချင်းချင်းတစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်ကာ ပူးပေါင်းဆောင်ရွက်နိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ချက်နှင့် ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်း လူငယ်များ ဖြစ်လာစေရေး ပြောကြားသည်။



လူငယ်စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပစဉ်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ Grade-10 နှင့် Grade-11 ကျောင်းသား ကျောင်းသူများငါးဦးတို့က “လူငယ်နှင့် အားကစား”၊ “လူငယ်နှင့်စာပေ”၊ “လူငယ်နှင့်ယဉ်ကျေးမှု”၊ လူငယ်နှင့် Social Media” နှင့် “လူငယ်နှင့် ကျန်းမာရေး” ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏အတွေ့အကြုံများ၊ အတွေးအခေါ်များကို မျှဝေဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးကြရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးမှလက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၂-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ဇောဇ္ဈင်္ဂသုတ်အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၁၀** NRC အစီအစဉ် 'ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ'
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း 'အတုမြင်အတတ်သင်'
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့ လွှင့်ပျံ့အမုန်း' (အပိုင်း-၄၀)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချီတက်' (အပိုင်း-၄)
**၁၆:၃၅** 'ပြုပြင်ရှုမြင်မြန်ပြည်တစ်ခွင်'
**၁၇:၁၀** Soccer View
**၁၇:၃၀** စိုက်ပျိုးမွေးမြူရေးမှသည်ငါးနှင့် ဆက်စပ်သောတန်ဖိုးမြှင့်ထုတ်ကုန်များဆီ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ခါးခါး အချစ်ချိုချို' (အပိုင်း-၂၉)
**၁၉:၄၀** 'ဝဏ်ပြကြိုဆိုပါသည် ဒသမအကြိမ် အာဆီယံဥ ဂန္ထဝင်းပဟေဠိပြိုင်ပွဲမှသည်'
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချီတက်' (အပိုင်း-၁၄)

**mitv**

**07:02** Evergreen Classic: Thatta Htar Na (Sein Lei Lei)
**07:11** The Four Famous of Bagan
**07:30** Journey To The Mogok (Part-1)
**07:53** Traffic Police
**08:01** News
**08:27** A Special Moment with A Man of Versatility (Epi-2) Personal & Artistic Life
**09:01** Discovering Tribes: Yin Net Tribe - Their Life and Customs
**09:28** Kyaw Min Thu (Winner) Lose2Win With Andy
**09:40** Star Bean Production
**10:01** News
**10:27** Myanmar Traditional Food: Mohinga
**10:46** A Snake Catcher
**11:01** Well-trained Elephants

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၆:၀၀ မှ ၇:၀၀)**
တောင်ကြားပန်းများပျော်စံရာဇိန်မူတောင်
**ချင်း (ချိုး) (၇:၀၀ မှ ၈:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**မွန် (၈:၀၀ မှ ၁၀:၀၀)**
ထန်းပင်ပေါ်ကတိုဖေဖေ
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ထိန်းသိမ်းစိုလေရှိးရာအမွေ(တက်ညီလက်ညီအပြိုင်လော့ ရခိုင်ရိုးရာပြိုင်လောင်းပွဲတော်)
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ရှမ်းခေါင်းပေါင်းပေါင်းနည်း
**"ဝ" (၁၄:၀၀ မှ ၁၆:၀၀)**
'ဝ'ရိုးရာဝက်သားပဲနှပ်ဟင်းရည်ရိုးရာ ဝက်သားပဲနှပ်ဟင်းရည်
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ကချင်ရိုးရာစကောထမင်း
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ ဆိုရိုးစကားများ (အပိုင်း-၂)
**ဝကေကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဂန္တဝင်ဆန်တဲ့အချစ် (ဇာတ်သိမ်းပိုင်း)
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
စားမြိန်ဖွယ်ရာဝိုးဟင်းလျာ
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၉)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၁၅** 'ပြည်တွင်းထုတ်ကုန်များအတွက် ဈေးကွက်ချိတ်ဆက်ပေးမည့် E Market Place Platform'
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၁၅** ကာတာကမ္ဘာ့ဖလား (Highlights)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နှင့်လူ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၃
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (တောင်အာဖရိကနိုင်ငံ)(အပိုင်း-၁)
**၁၁:၃၀** 'အတွေးအမြင်' အပိုင်း-၃

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၃၀** ၁ရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေး တောင်သူများနှင့်ဆွေးနွေးပေး
**၀၆:၅၀** ကမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင်
**၀၇:၁၅** ကြံဖတ်မှသည်ကုန်ချောနှစ်မျိုးဆီသို့
**၀၇:၅၀** သီးထပ်စွမ်းအားဝင်ငွေတိုး သက်တမ်းတိုစပါးမျိုး
**၀၈:၂၅** နည်းပညာတန်ဖိုး (ဇာတ်လမ်းတို)
**၀၈:၅၀** တစ်ပိုင်တစ်နိုင်ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၁၅:၂၀** World Cup Hightlight/ ကာတာကမ္ဘာ့ဖလား နေ့စဉ်ပွဲကြိုသုံးသပ်ချက်
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

---

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး"

UNITE! Activism to End Violence Against Women & Girls

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက် မှ ဒီဇင်ဘာလ (၁၀)ရက်

---

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ကင်းမွန်ချောင်း လူကူးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်နိုင်ရေး မြေစမ်းသပ်

**လေးမျက်နှာ ဒီဇင်ဘာ ၇**

လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်းကျေးရွာအုပ်စု ကင်းမွန်ချောင်း လူကူးတံတားကို သံကူကွန်ကရစ် နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါတံတားသည် ကင်းမွန်ချောင်းကို ဖြတ်ကျော်၍ လေးမျက်နှာ-ပန်းတောကြီးလမ်းမကြီးနှင့် ဆက်သွယ်ပေးထားသော တံတားတစ်ခုဖြစ်ပြီး အရှည်ပေ ၈၀၊ အကျယ်ပေ ၂၀ ရှိ ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ ယာဉ်တစ်စီးချင်း ၄၈ တန် ခံနိုင်ဝန်ရှိကြောင်း၊ တံတားတည်ဆောက်ပြီးစီးသွားပါက အကျိုးပြုကျေးရွာ ကိုးရွာ၊ အိမ်ခြေ ၁၀၆၄ အိမ်၊ လူဦးရေ ၅၀၅၇ ဦးခန့် အကျိုးပြုနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၁၂ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၀၈၆၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၀၈၈၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၇၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၇၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၀ ကျပ် | ၂၄၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၆၅ ကျပ် | ၂၀၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၉၈ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၄၄ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၉ . ၈၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၂၆ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၇ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၀ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၄၄၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၃၃၀၀ | ၃၄၀၀ | ၃၁၀၁ | ၁၀၂၈၃၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၄၃ | ၃၃၁၁၀၀ |
| FPB | ၁၉၅၀၀ | ၁၉၀၀၀ | ၇၇၂ | ၁၄၆၉၆၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၃၂၈ | ၈၅၂၈၀၀ |
| EFR | ၂၆၀၀ | ၂၆၅၀ | ၁၅၅ | ၄၀၃၂၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃၀ | ၁၅၀၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**အငယ်တန်းသတင်းထောက်များ** - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်း၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၇

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။**

ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘောပြိုင်ပွဲနှင့် ယူ-၁၈ အမျိုးသမီးဘောလုံးပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲနှင့် အလွတ်တန်းဖိတ်ခေါ် ယူ-၁၈ အမျိုးသမီးဘောလုံးပြိုင်ပွဲများကို ယနေ့ ဆက်လက်ကျင်းပသည်။




**ဘော်လီဘောယှဉ်ပြိုင်**

ဘော်လီဘောပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲ၌ မန္တလေးတိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ၌ ကယားပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

**အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်**

ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ အမျိုးသမီးပြိုင်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ဘောလုံးယှဉ်ပြိုင်**

ထို့အတူ ယူ-၁၈ (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အုပ်စု ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ခုနစ်ဂိုးပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

**ဆက်လက်ယှဉ်ပြိုင်မည်**

ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁)၌ အုပ်စုပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်၍ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရေပူကျေးရွာနေ နေကိုလင်းသည် ၎င်းအသုံးပြုသည့် “Nay Ko Lin” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၇**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိမြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ်အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒီဇင်ဘာ ၆ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့နှင့် လင်းခေးမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နှင့် မိုင်းတုံမြို့၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၊ ငဖဲမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများ စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါး၊ ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများအား တွေ့ဆုံဆွေးနွေး

**အုတ်တွင်း ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါး၊ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နှမ်းစပါး၊ ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက ကြက်တက်ညောင်ပင်နှင့်ကြွယ်ဂံကျေးရွာများသို့ သွားရောက်ကွင်းဆင်း ဆောင်ရွက်သည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီက နှမ်းစပါး စိုက်ပျိုးသည့် တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ်၂၀၀၀၀၀ နှုန်း၊ ပဲတီစိမ်းစိုက်ပျိုးမှုအတွက် တစ်ဧက ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် လိုအပ်လျက်ရှိသော သွင်းအားစုများဖြစ်သည့် မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစပါးရရှိစေရေး ထောက်ပံ့ဆောင်ရွက်ပေးခြင်း၊ သွင်းအားစု တန်ဖိုးနှင့် ညီမျှသော စပါးများအား တောင်သူများက ဒေသကာလ ပေါက်ဈေးအတိုင်း ပြန်လည်ရောင်းချပေးဆပ်စေခြင်းနှင့် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို လည်းကောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူစိတ်ကြိုက် သွင်းအားစုများ ထောက်ပံ့ပေးနိုင်ရေး မြေပြင်ကွင်းဆင်း၍ စနစ်တကျ စာရင်း ကောက်ယူထားနိုင်ရေး၊ ကျေးရွာအလိုက် တောင်သူအစုအဖွဲ့များ ဖွဲ့စည်း၍ ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဦးက ကန်ထရိုက်လယ်စနစ်၊ မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေး၊ သွင်းအားစုအပေါ် စနစ်တကျဖြစ်စေရေးအတွက်လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနက ဆည်ရေမှ တစ်ဆင့် စိုက်ပျိုးရေရရှိစေရေး အတွက်လည်းကောင်း၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဟိန်းက စီမံကိန်းအတွက် စက်ကိရိယာများ လိုအပ်လာပါက ငှားရမ်းအသုံးပြုနိုင်ရေး အတွက်လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြောင်း သိရသည်။ **အေမင်းရည်စော(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၇**

ရမည်းသင်းမြို့ သီလဝခန်းမ၌ ၂၀၂၂ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က ကျင်းပရာ ရမည်းသင်းခရိုင်



အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်က ရမည်းသင်းခရိုင်အတွင်း ခုခံအားကျဆင်းမှုရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်ကုသပေးနေမှုတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရမည်းသင်းခရိုင်အတွင်း အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီး မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ စေတနာ့ဝန်ထမ်းများက AIDS ရောဂါပပျောက်ဖို့ အသိပညာပေး တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်သည်။

**မြို့နယ်(ပြန်/ဆက်)**

### မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် ဦးမြင့်မောင်-ဒေါ်အိအိအောင်တို့၏ သမီး အထက (သနပ်ပင်) ဒသမတန်း(A)မှ မမြင့်သဥ္ဇာအောင်၏ မွေးသက္ကရာဇ် အမှန်မှာ ၁၄-၁၂-၂၀၀၇ ဖြစ်ပါကြောင်း သတ္တမတန်းမှ မောင်သူရမောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၈-၂၀၁၀ ဖြစ်ပါကြောင်းနှင့် ပဥ္စမတန်းမှ မမီမီမြင့်မောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၂-၂၀၁၁ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/97534 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရဲဟန် ၁၄/မအပ(နိုင်)၁၉၆၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)
(မအူပင်မြို့)

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်လင်းနိုင် ၈/အလန(နိုင်)၁၂၂၈၀၄ ၏ နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

၀၉-၄၀၈၈၆၆၆၂၆

### ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၅-၂၀၂၁ရက်နေ့မြန်မာ့အလင်း သတင်းစာ၏စာမျက်နှာ၁ကြော်ငြာ (၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ရွှေပြည်သာမြို့နယ်ဦးဝင်းကြိုင်၏ဂရန်သစ်တွင်အမည်ပေါက်-ဦးဌေးဝင်းထံမှ ပါမစ်မြေအားအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူထားသူဦးဝင်းမြိုင်အစားဦးဝင်းကြိုင် (၁၂/အစန(နိုင်)၀၀၃၄၃၂)ဟုအမှန်ဖတ်ရှုပါရန်။

## ညောင်ရွှေမြို့၌ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စတုတ္ထအကြိမ် အင်းလေးကန်ဖြတ် စက်ဘီးစီးနင်းပွဲ ပြုလုပ်မည်

**ညောင်ရွှေ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် အင်းလေးဒေသ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် စတုတ္ထအကြိမ် အင်းလေးကန်ဖြတ် စုပေါင်းစက်ဘီးစီးနင်းခြင်းကို ဒီဇင်ဘာ ၁၁ ရက်တွင် ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲတွင် ၃၀ ကီလိုမီတာ စီးနင်းခြင်းအတွက် ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းစုရပ်မှ ဖောင်တော်ဆိုက်လမ်း၊ လမ်းမတော်လမ်း၊ ရုံးကြီးလမ်း၊ မိုင်းသောက်လမ်း၊ မိုင်းသောက်တံတားမှ အင်းရေပြင်အား စက်လှေများဖြင့်ဖြတ်သန်းပြီး ခေါင်တိုင်-ပေါင်းပိုင်း - ညောင်ရွှေ တာပတ်လမ်းအတိုင်း စီးနင်း၍ လွတ်လပ်ရေးကျောက်တိုင်ကွင်းစုရပ်သို့ ပြန်လည်ဝင်ရောက်ရမည်ဖြစ်ပြီး ၁၅ ကီလိုမီတာစီးနင်းခြင်းအတွက် လွတ်လပ်ရေးကျောက်တိုင်ကွင်းစုရပ်မှ ဖောင်တော်ဆိုက်လမ်း၊ လမ်းမတော်လမ်း၊ ရုံးကြီးလမ်း၊ မိုင်းသောက်လမ်း၊ ရွှေလဖုန်းကျေးရွာ ဝိုင်ခြံလမ်းခွဲမှ ပြန်လှည့်၍လာရာ လမ်းအတိုင်း ပြန်လည်စီးနင်းပြီး လွတ်လပ်ရေးကျောက်တိုင်ကွင်း စုရပ်သို့ ပြန်လည်ဝင်ရောက်ရမည်ဖြစ်ကြောင်းနှင့် စုပေါင်းစက်ဘီးစီးနင်းပွဲတွင် ပါဝင်ဆင်နွှဲသူများအား တောင်တက်စက်ဘီး ငါးစီးနှင့် အခြားဆုမဲများကို ကံစမ်းမဲဖောက် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ ဆီထွက်သီးနှံများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီမြို့ အာရှလမ်းမပေါ်ရှိ အေးသုခကျေးရွာ၊ PTT ဆီဆိုင်အနီး၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ အကောက်ခွန်မဲ့ မြေပဲဆန်အိတ် ၂၀၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)နှင့် အဆိုပါ ဆီထွက်သီးနှံများ တင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့ မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ TOYOTA WISH အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၄၅ ဒသမ ၂၄၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၉၂၅၄၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဒီဇင်ဘာ ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော အဝတ်အထည်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၄၇၀၀၀၀)နှင့် အဆိုပါအဝတ်အထည်များ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၄၇၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၆၆၂၅၄၈ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**




## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မြင့်မောင် ၁၁/မဥန(နိုင်)၀၇၁၈၄၆၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၅၄၁၆၄၅**

## အမည်ပြောင်း

တောင်ကြီးမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း Grade-5မှ မောင်မင်းဟိန်းထက်အား ယနေ့မှစ၍ မောင်မင်းဟိဏ်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းဟိဏ်းထက်**

## ပျောက်ဆုံးကြောင်း

မောင်စိုးမိုးဇော် ၅/မရန(နိုင်) ၁၅၄၁၁၇၏ နိုင်ငံကူး လက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၉၁၀၂၀၉၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/91997 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွန်း ၇/ဖမန(နိုင်) ၁၃၃၃၉၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/72912 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးနုခိုင် ၂/ဒမဆ(နိုင်)၀၄၁၀၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/41083, Honda Click 125 M/C ယာဉ်လက် ဝယ်ရှိသူ Sein Shwe Yaung Pyae Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/26061, Jialing JL90 M/C ယာဉ်လက်ဝယ်ရှိသူ Sweetly Noveber Co., က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ အကွက်အမှတ် (၈၂)၊ တောင်ကြားကျောင်းအကွက်၊ ဦးပိုင်အမှတ် (၂၇ခ)၊ မြေ ဧရိယာ (၀ဒသမ၀၂၃)ကေရှိ မြေကွက်အား အရှေ့ဘက်-လမ်းကြား၊ အနောက်ဘက်-ဦးပိုင်အမှတ် (၂၇က)၊ တောင်ဘက်-သထုံ- ဘားအံကားလမ်း၊ မြောက်ဘက်-ဦးပိုင်အမှတ် (၂၄ခ) ရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးတင့်လွင်-ဒေါ်မိကလျာဦးတို့မှ လျှောက်ထားလာသည့်အတွက် ဦးတင့်လွင်-ဒေါ်မိကလျာဦး အမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်းလာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ သထုံမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ၊ ကိုးလုံးတောင်ကွင်း၊ ဦးပိုင်အမှတ်-၃/၁ဆ၊ ကွင်းအမှတ် (၅၂၁၉)၊ မြေအမျိုးအစား-အဆောက်အအုံ G/H၊ မြေလုပ်ကိုင်သူအမည် (မောင်သိန်းဝင်း-မကျင်လှိုင်)၊ အကျယ်အဝန်း အလျားxအနံပေ (၄၀x၈၅)ရှိ ပိတောက်လမ်း၊ အမှတ် (၃၅၇)ဟုခေါ်တွင်သော မြေနှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက် အအုံ (ရေ၊ မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အစဉ်အဆက် စာချုပ်များဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်သော ဒေါ်မူမူချို၊ ဒေါ်နုနုစိန်၊ ဒေါ်တိုးတိုးစိန်၊ ဦးနိုင်ထူးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိသော် ၆/ကစန(နိုင်)၀၇၁၃၉၆က ၆-၁၂-၂၀၂၂ရက်တွင် အပြီးအပိုင်ဝယ်ယူ၍ တရားဝင်လက်ရောက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိသော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုယုဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၀၃၇၉ (၂၆-၂-၂၀၁၅)**
**အမှတ် (၄၈၃)၊ မြရတနာ (၁)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၂၀၄၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းဆတ်မြို့၊ ဝိန်းနေရပ်ကွက်မှ ဦးရှောယော်(ခ) ဦးရှော်ယော် ၁၃/မဆန(နိုင်) ၀၁၃၂၁၄မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရှောယော်(ခ)ဦးရှော်ယော်**

## ဖခင်အမည်မှန်

